မြန်မာနိုင်ငံရေးအကြောင်း ဆောင်းပါးများ

# အနာဂတ်
# မြန်မာ့အရေး

ဝင်းနိုင်ဆောင်း

# အနာဂတ်မြန်မာ့အရေး

## ဝင်းနိုင်ဖေသောင်း


Shwe Myint Ma Kha Media Group Co., Ltd.

တိုက် ၁၇၊ အခန်း - (၇၉၈၀)၊ ပြည်ရိပ်မွန်အိမ်ယာ၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၃၈၂၈၄၊ ၀၉ ၇၃၀၇၆၅၇၅
၀၉ ၇၃၂၀၁၃၂၇၊ ၀၉၄၉၉၂၈၄၇၅၇

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး – ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး – ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး – ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပုံနှိပ်ခြင်း
ပထမအကြိမ်

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
မြတ်သန္တာဦး

တန်ဖိုး
၁၅၀၀ ကျပ်

ပုံနှိပ်သူ
နှစ်သစ်ဦး
နဝဒေးရုပ်ရှင်ရုံဝင်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
လဝန်းသစ်စာပေလုပ်ငန်းစု
တိုက် ၁၇၊ အခန်း – (၇၉၈၀)၊ ပြည်ရိပ်မွန်အိမ်ယာ၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၅၃၈၂၈၄၊ ၀၉ ၇၃၀၇၆၅၇၅

# မာတိကာ


၁။ ဒေါက်တာစိန်စိန်သိန်း၏ အမှာစာ ... ၅
၂။ စာရေးသူ၏ ကိုယ်ရေးအကျဉ်း ... ၁၇
၃။ စာရေးသူ၏ အမှာစာ ... ၂၀
၄။ အနာဂတ်မြန်မာအရေး (၁) ... ၂၃
၅။ အနာဂတ်မြန်မာအရေး (၂) ... ၂၈
၆။ အနာဂတ်မြန်မာအရေး (၃) ... ၃၄
၇။ အနာဂတ်မြန်မာအရေး (၄) ... ၃၉
၈။ အနာဂတ်မြန်မာအရေး (၅) ... ၄၅
၉။ အနာဂတ်မြန်မာအရေး (၆) ... ၅၁
၁၀။ အနာဂတ်မြန်မာအရေး (၇) ... ၅၆
၁၁။ အနာဂတ်မြန်မာအရေး (၈) ... ၆၂
၁၂။ အနာဂတ်မြန်မာအရေး (၉) ... ၆၈
၁၃။ အနာဂတ်မြန်မာအရေး (၁၀) ... ၇၄
၁၄။ အနာဂတ်မြန်မာအရေး (၁၁) ... ၈၀
၁၅။ အနာဂတ်မြန်မာအရေး (၁၂) ... ၈၆
၁၆။ အနာဂတ်မြန်မာအရေး (၁၃) ... ၉၂
၁၇။ အနာဂတ်မြန်မာအရေး (၁၄) ... ၉၉
၁၈။ အနာဂတ်မြန်မာအရေး (၁၅) ... ၁၀၆
၁၉။ အနာဂတ်မြန်မာအရေး (၁၆) ... ၁၁၃

# ဒေါက်တာစိန်စိန်သိန်း၏ အမှာ

ဝင်းနိုင်သောင်းကို ၁၉၉၄ ခုနှစ်မှ စတင်သိကျွမ်းခဲ့ရပါ၏။ သူသည် တစ်ချိန်က တပ်မတော်သား ဖြစ်ခဲ့ဖူးပါကြောင်းကို ရှေးဦးစွာပင် မိတ်ဆက်တင်ပြလိုပါသည်။

တပ်မတော်သားတို့၏တာဝန်မှာ စစ်တိုက်ရန်ဖြစ်သည်။ ထို့သို့ စစ်တိုက်ရန်မရှိပါက လေ့ကျင့်ရန်ဖြစ်သည်။ စစ်တိုက်ရန်မရှိလျှင် လေ့ကျင့်ရန်ဟူသော တပ်မတော်သားတို့၏ ဒုတိယတာဝန်ကိုလည်း ကျေပွန်ခဲ့သူဖြစ်ပါ၏။ တာဝန်ထမ်းဆောင်စဉ်မှာ နိုင်ငံရေး ဇရိယာတွင် ရှိခဲ့သည့်အတွက် နိုင်ငံရေးပညာရပ်ကို တွေးဆ သင်ယူခဲ့ရသည်ကိုလည်း ကျွန်မ သိပါသည်။ တတိယအချက်ဖြစ်သော ပြည်သူ့အကျိုးပြုလုပ်ငန်း လုပ်ဆောင်နိုင်ရန်အတွက်မူ ယခု တပ်မတော်သား မဟုတ်သောအခါ ပြည်သူ့အကျိုးပြုလုပ်ငန်းလုပ်နိုင်ရန်အတွက် အခွင့်အလမ်းပို၍သာလာသည်ဟု ထင်ပါ၏။ ဝင်းနိုင်သောင်းအနေဖြင့် စာပေနယ်သို့

ဝင်ရောက်လာသောအခါမှာ ပြည်သူ့အကျိုးပြု လုပ်ငန်းလုပ်ဆောင်ရန်ဆိုသည့် တပ်မတော်သားတို့၏ တတိယ ရည်ရွယ်ချက်ကို ဆက်လက် အကောင်အထည်ဖော်လိုက်ပြန်သည်ကို သတိထားမိပါသည်။

ပြည်သူအားလုံးမှာ သမိုင်းတွင်မည့် ဒီမိုကရေစီအရေးကို တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ရန်လိုသည်ဟု ဝင်းနိုင်သောင်းကလည်း ယုံကြည်ထားသူ ဖြစ်ဟန်တူပါသည်။ စစ်သားဖြစ်ခဲ့သော ဝင်းနိုင်သောင်းသည် စစ်သဘောတရားကို လေ့လာထားသူဖြစ်ရကား တိုက်ပွဲတစ်ခုကိုတိုက်လျှင် အကျိုးအမြတ်မရှိပါက မိုက်မဲစွာ ဆက်မတိုက်သင့်ဟု ယုံကြည်သူလည်း ဖြစ်ဟန်ရှိကြောင်း သူ့စာအုပ်ကို ဖတ်ရှုမိသောအခါ ကျွန်မ သိလာရပါသည်။ သို့အတွက် ပြည်သူနှင့် အစိုးရ နှစ်ဦးနှစ်ဘက်စလုံးကို အကျိုးရှိစေမည့် စာရေးခြင်း အလုပ်ကို ဝင်းနိုင်သောင်းက ရွေးချယ်ခဲ့ပုံရသည်။ ပြည်သူအတွက် အနာဂတ်မြန်မာ့အရေးကို အခန်း(၁၆)ခန်းနှင့် တိကျ သေသပ်စွာ မီးမောင်းထိုးပြသွားခဲ့ရာ ဤစာအုပ်သည် စာအုပ်စင်ပေါ်မှာ တင်ထားသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်းကိုတော့ ကျွန်မယုံကြည်မိပါသည်။

⁂ ⁂ ⁂

**အခန်း (၁) ။** ။ အနာဂတ် မြန်မာ့အရေး(၁) တွင် "ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေး"ဟု ဆိုခဲ့သူဖြစ်ရကား ယခုပြည်သူကို အသိပညာပေးရန် တစ်ဒေါင့်တစ်နေရာမှာ ဝင်ရောက် တာဝန်ယူခဲ့ပုံရပါသည်။ ပြည်သူတို့ တည်ဆောက်ထားသော နိုင်ငံတော်ကို ပြည်သူတို့မှာ ကာကွယ်စောင့်ရှောက်ရန်လည်း တာဝန်ရှိရကား. . .။

**"၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အကြား စစ်အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အရေးအတန်သင့် ငြိမ်သက်ခဲ့၏။ တိုးတက်ခဲ့၏၊ သို့သော် စနစ်တစ်ခုအထိတော့ မရောက်သေး"**ဟု ၎င်းကဆိုသည်။ ၎င်းယူဆခဲ့သလိုမရောက်သေး၍လည်း – **၁၉၄၇ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ၁၉၆၂ခုနှစ်တွင် ပျက်စီးသွားခဲ့သလို ၁၉၇၄ခုနှစ်တွင်ရေးဆွဲခဲ့သော အခြေခံဥပဒေမှာ ၁၉၈၈ တွင်ပျက်သုန်းခဲ့ရသည်**မှာ အများသိခဲ့ကြပြီး မဟုတ်ပါလား. . . ဟု ဝေဖန်ထောက်ပြထားသော အခန်း(၁)ကို ဖတ်ခွင့်ရခဲ့ပါသည်။

**အခန်း (၂) ။** ။ အနာဂတ်မြန်မာ့အရေး (၂)တွင် ဝင်းနိုင်သောင်းက **ကွန်မြူနစ်စနစ်၊ ဆိုရှယ်လစ်စနစ်၊ ဒီမိုကရေစီစနစ်ဟူ၍ စနစ် (၃) မျိုးခွဲကာ ရေးပြသွားသည်။ ပြည်သူတို့သည်သူတို့နှင့်ထိုက်တန်သည့် စနစ်ကိုသာပိုင်ဆိုင်ခဲ့သည်**ဟု ဆိုခဲ့ခြင်း မဟုတ်သော်ငြားလည်း အထအနကောက်ကာငြင်းခုန်နေကြဖို့မလိုဘဲ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေးဖြင့်ပင်လုံစိတ်ဓါတ်ကိုသာ အခြေခံကာ အလေးထားအပ်ကြောင်း

မျိုးဆက်သစ်များကို လက်ဆင့်ကမ်း သင်ခန်းစာ ပေးလိုဟန် ရှိပါ၏။

**အခန်း (၃)** ။ ။ အနာဂတ်မြန်မာ့အရေး(၃)တွင် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးကို အလေးပေး ရေးသားထားသည်ကို တွေ့ရသည်။ "**မြန်မာနိုင်ငံ၏ ဝနအင်အား၊ စစ်ရေးအင်အား၊ နည်းပညာအင်အားတို့သည် အိမ်နီးချင်း ထိုနိုင်ငံ၂ နိုင်ငံနှင့်ယှဉ်လျှင် ဆင်နှင့်ဆိတ် သာမက ဆင်နှင့် ပုရွက်ဆိတ်မျှသာ ရှိသေးသည်**"ဟု ရိုးသားစွာ တင်ပြထားသော ဝင်းနိုင်သောင်း၏ တင်ပြချက်ကို ကြိုဆိုသည်။ စာပေလောကသားဖြစ်လာသောအခါ သတင်းသည် ပြည်သူ့အတွက်ဟူသော ရည်ရွယ်ချက်ဖြင့် လတ်လတ်ဆက်ဆက် ဖြစ်နေသော အခြေအနေကို ကွက်ကွက်ကွင်းကွင်းရေးသား တင်ပြလိုက်ခြင်းကို လက်ခံကြရမည် ဖြစ်သည်။

**အခန်း (၄)** ။ ။ အနာဂတ် မြန်မာ့အရေး(၄)တွင် မြန်မာနိုင်ငံရေးအတွက် သူ၏ထင်မြင်ချက်နှင့်ယူဆမှုအပေါ် ဖြောင့်ချက်ပေးထားဟန်ရှိ၏။ မျက်မြင်သက်သေများ တိတ်ဆိတ်နေသောအခါ ဒဏ္ဍာရီများ ဖြစ်သွားလေ့ရှိသည်ကို ကြုံတွေ့ခဲ့ရဖူးသူဖြစ်သောကြောင့် စိုးရွံ့ဟန်ရှိလေသည်။ **ထိုစဉ်က မြန်မာအစိုးရ၏ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို** မီးမောင်းထိုးပြချင်ပုံရသည်ဟု ကျွန်မထင်ပါသည်။

**အခန်း (၅)** ။ ။ အနာဂတ်မြန်မာ့အရေး(၅)တွင် တပ်မတော်သားဘဝက ၎င်းတို့ကိုယ်တိုင် ဖော်ထုတ်ဖြေရှင်းခဲ့ရသော ယူဂျီများကိစ္စကို ကုလားကာ တစ်ချက်စာသာသာ လှစ်ပြထားပါသည်။ "**လှို့ဆော် စည်းရုံးရန် အဖွဲ့အစည်းအတွက် အမာခံမွေးရန် စစ်သားကိုမသုံးခဲ့ (မသုံးခဲ့ဆိုသော်လည်း ၁၉၇၀–၈၀ ခုနှစ်ဝန်းကျင်က ယူဂျီများ ဖော်ထုတ်ဖမ်းဆီးရာတွင် တပ်မှအရာရှိ ၂ဦးပါရှိသည်)။**"

ထိုတပ်မတော်သားအရာရှိ ၂ ဦး၏ အမည်ကို ဝင်းနိုင်သောင်း မသိမဟုတ်၊ သိလိမ့်မည်သို့သော် ၎င်းတို့ မိသားစုများ၏ လုံခြုံရေးအတွက် ထုတ်ဖော်ရေးသားခဲ့ခြင်း မရှိဟု ယူဆသည်။ အချင်းချင်းသစ္စာစောင့်သိမှုရှိသော တပ်မတော်သားများ ပင်ဖြစ်တော့သည်ဟု ကျွန်မ ထင်မိပါသည်။ ရန်သူပင်ဖြစ်လင့်ကစား တချိန်က တပ်မတော်သားများဖြစ်ခဲ့ဖူးကြရာ အချင်းချင်းဟူသော စိတ်ဓါတ်ကို သူ့မှာ တွေ့ရပါသေးသည်။

**အခန်း (၆)** ။ ။ အနာဂတ်မြန်မာ့အရေး(၆)တွင် သဘာဝဝန်းကျင်၏ တင့်တယ်ခြင်းကို မြန်မာနိုင်ငံ၏ အားသာချက်တစ်ရပ် အနေနှင့် ဝင်းနိုင်သောင်းက ရေးချယ်ထားပါ၏။ ထို့ပြင် NLD ကိုယ်စားလှယ်များ နောက်ပြန်မလှည့်ပဲ လွှတ်တော်ထဲဝင်ရောက်သွားကြသည်ကို လက်ခုတ်တီးကာ ဩဘာပေးလိုက်သည်ကို တွေ့ရသည်။ နိုင်ငံရေးလောကမှာ စောင့်နိုင် အောင့်နိုင်သော စိတ်ဓါတ်ရှိသည့် NLD ကို အမျိုးသားရေးရှုထောင့်မှ ဝင်းနိုင်သောင်းက ကြိုဆိုလိုက်သည်ဟု ထင်ပါ၏။ ပြည်သူများနှင့်အတူ ဝင်းနိုင်သောင်းကလည်း ဒေါ်အောင်ဆန်းစုကြည်

အနေဖြင့် နောက်ကြောင်း ပြန်လှည့်သွားမှာကို လိုလားပုံ မရချေ။

**အခန်း (၇)** ။ ။ အနာဂတ် မြန်မာအရေး(၇)တွင် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွင် သန်ရာသန်ရာမှာ အမှန်ထင်ခဲ့ကြကြောင်းကို မီးမောင်းထိုးပြလိုဟန်ရှိပါ၏။ မှန်ကန်ကြောင်းကို ပြောနေယုံနှင့်မပြီး အများပြည်သူက အမှန်ကိုအမှန်ဟု လက်ခံလိုက်ပါမှ မှန်သည်ဟုယူဆသင့်ကြောင်းတင်ပြထားသည်။ တရုတ်နိုင်ငံမှာ ကွန်မြူနစ်နိုင်ငံဖြစ်သော်လည်း တိုးတက်ကြီးပွားနေကြောင်းကို သူကဆို၏။ သူကိုယ်တိုင် ကွန်မြူနစ်ဝါဒကို သဘောကျပုံကား မရပါ။ နိုင်ငံတကာ ရှုထောင့်မှ ကြည့်လျှင် ကွန်မြူနစ်စနစ်ပြိုကွဲပျက်စီးခဲ့ခြင်းပုံရိပ်များက ထင်သာမြင်သာရှိခဲ့ခြင်းကို သူလည်း ခံစားနိုင်ခဲ့ပုံရပါ၏။ သူ့မှာလည်း လောကစံလှိုင်တပိုး၏ ပြင်းထန်သောရိုက်ချက်အောက်မှ နေနေရပေသိ မြန်မာပြည်ကို ကွန်မြူနစ်ဝါဒမှိုင်းလုံးကြီးနှင့် ကင်းဝေးစေလိုသော ဆန္ဒရှိပါကလားဟု သုံးသပ်မိပါသည်။

**အခန်း (၈)** ။ ။ အနာဂတ် မြန်မာ့အရေး (၈) တွင် ဒီမိုကရေစီကို ဖောင်းပေးတင်ပြထားပြန်ပါသည်။ **ဒီမိုကရေစီကျင့်သုံးသောနိုင်ငံများ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူကြသည်မှာ ကိုယ့်မြေ ကိုယ်ရေ ကိုယ့်ဒေသ ကိုယ့်စရိုက်နှင့်ကိုက်ညီသည့် ပုံစံဖြင့် ခေါင်းဆောင် ရွေးချယ်မှုပေါ်တွင် အခြေခံ၏**''ဟု ၎င်းက ဆိုထား၏။

လူတိုင်း ခေါင်းဆောင်ဖြစ်နိုင်သော ခေတ်မှာ လူတိုင်း၏ စိန်ခေါ်မှုကို တာဝန်ယူနိုင်သူကသာ ခေါင်းဆောင် ဖြစ်သင့်သည်ဟု သူကယူဆလိုပုံရသည်။

Rule and Regulation ကအရေးကြီးသည်ဟု ဆိုသော်လည်း အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဤအခန်းတွင် တင်ပြသည်ကို မတွေ့ရသေး။

**အခန်း (၉)** ■ ■ အနာဂတ် မြန်မာ့အရေး (၉)တွင် နိုင်ငံအသီးသီးရှိ နယ်နိမိတ်စည်းများကို စစ်ရေးခေါင်းဆောင်တို့၏ သွေးချွေးနှင့် အသက်ကိုပေးကာ ရေးဆွဲထားခဲ့ကြသည်မှာ **"မှန်သော်လည်း သူမှန်တယ်၊ ငါမှန်တယ်၊ ငါ့ကို အနိုင်ကျင့်တယ်၊ ငါက စေတနာထားတာကို သူနားမလည်ဘူး စသည်ဖြင့် ကိုယ့်ဘက်ကိုယ်ယက်ပြီး ငြင်းခုံနေကြလျှင် ထိုနိုင်ငံကို မည်သည့်ခေါင်းဆောင်ကမှ ကြီးပွားအောင်မလုပ်နိုင်"** ဟု သူက လက်ခံယုံကြည်ပုံရပါ၏။ လူသားတို့၏ အတ္တကိုသူက မြင်တွေ့ခဲ့ရပြီးဖြစ်ရာ အငိုက်မမိစေလိုသော စေတနာကို တစွန်းတစ ဖော်ပြထားသည်။

**အခန်း (၁၀)** ■ ■ အနာဂတ်မြန်မာ့အရေး(၁၀)တွင် **"စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးတွင် သမ္မတ ဒေါက်တာမောင်မောင်က ဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြီး ပါတီစုံစနစ်ကို ပြောင်းပေးမည် (၃)လ စောင့်ပါဆိုသည်ကို ပြည်သူလူထုကယုံကြည်ခြင်း မရှိခဲ့ ကြောင်းကို"** ဖော်ပြထား၏။ မျိုးဆက်သစ်များကို

ရည်ရွယ်ကာ ရေးသားထားပုံရသည်။ ကြီးသည့်အမှု ငယ်စေ၊ ငယ်သည့်အမှု ပပျောက်စေဆိုသည့် မြန်မာ့စိတ်ရင်းကို ဖော်ပြခြင်းဖြင့် အနာဂတ် မြန်မာ့အရေးကို ရင်လေးစွာနှင့် တင်ပြထားသည်ကို တွေ့ရပါ၏။

**အခန်း (၁၁)** ။ ။ အနာဂတ် မြန်မာ့အရေး(၁၁)တွင် စတုတ္ထမဏ္ဍိုင်ကို ခိုင်မြဲစွာတည်ဆောက်ခြင်းဖြင့် အနာဂတ်ပြည် မြန်မာသာယာနိုင်သည်ဟု သုံးသပ်လိုဟန်ရှိ၏။ တစ်ချိန်က သတင်းသမားများကို ပုဂ္ဂိုလ်ရေး ဆည်းကပ်မှုနှင့် လက်နက်သဖွယ် အသုံးချခဲ့ပုံကို ထင်သာမြင်သာအောင် တင်ပြထားသည်ကိုလည်း တွေ့ရ၏။ ယခုကဲ့သို့ ညီအစ်ကို မသိတသိအချိန်မှာ ချောင်းရိုက်ခံရမည်ကိုတော့ သူက စိုးရိမ်မိဟန် တူပါသည်။ သတင်းစာလွတ်လပ်ခွင့် အားနည်းလျှင် ပြုပြင်ပြောင်းလဲမှု ထင်သာမြင်သာရှိမှုလည်း အားနည်းလာနိုင်ကြောင်း ပေါ်လွင်အောင် ရေးပြသင့်သော်လည်း ဝင်းနိုင်သောင်းက တင်ပြထားခြင်း မရှိသည်ကိုတော့ အားမရလှပါ။

**အခန်း (၁၂)** ။ ။ အနာဂတ် မြန်မာ့အရေး(၁၂)တွင် ၎င်း၏ရှေ့ရေးအမြင်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအတွက် စိတ်မအေးသော ဝင်းနိုင်သောင်းမှ ခေါင်းဆောင်များနှင့် နောက်လိုက်များအတွက် မြန်မာမှုဝါဒများကို ဆောင်ပုဒ်များနှင့်အတူ လူကြီးလူရွယ်၊ လူလတ်မရွေး လက်ခံနိုင်အောင် တင်ပြထားသည်။ သို့သော် မူဝါဒသဘောတရားများကို လက်ခံကျင့်သုံးခြင်း မရှိသောအခါ ဒီမိုကရေစီအပြောင်းအလဲက နောက်ပြန်လှည့်သွားနိုင်စရာရှိမည်ဟု သူက ယူဆထားပုံရပါသည်။

**အခန်း (၁၃) ။** ။ အနာဂတ်မြန်မာ့အရေး (၁၃)တွင် ပါတီတစ်ခု၏ ရပ်တည်မှု၊ အယူအဆနှင့် အခင်းအကျင်းမှာ ထိုပါတီ၏ တန်ဖိုးဟု တင်ပြထားခြင်းဖြစ်၏။

**"၁၉၈၈ ခုနှစ် အရေးအခင်းပြီးနောက် နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ပြုခဲ့ရာ (၂၃၅) ပါတီ ရှိခဲ့သည်"**ဟု ဝင်းနိုင်သောင်းက သတင်းပေး ရေးသားထားသည့်အပြင် **ယခုအချိန်တွင် နိုင်ငံရေး ပါတီများအနေဖြင့် တော်လှန်ရေးသဘောတရား Rev-olution Theory ကို စွန့်လွှတ်ရန်လိုသည်** ဟု တိုက်တွန်း နှိုးဆော်ထားပြန်ပါသည်။ ပြည်သူနှင့်အစိုးရ နှစ်ဦးနှစ်ဘက်စလုံးက အပြောင်းအလဲကို ရှေ့တိုးစေလိုလျှင် အခန်း (၁၃)ကို တစ်ကြိမ်မက ဖတ်ကြည့်ရန်လိုသည်ဟု ထင်ပါ၏။

**အခန်း (၁၄) ။** ။ အနာဂတ် မြန်မာ့အရေး (၁၄)တွင် မျက်မှောက်ခေတ်မှာ – နိုင်ငံကြီးပွားချမ်းသာရန် မျိုးချစ်စိတ်ရှိဖို့လိုသည်ဟု အမေရိကန်ကို ပြယုဂ်ထား၍ တင်ပြထားပုံက–

**"အမျိုးသား အကျိုးစီးပွားအတွက်ဆိုလျှင် အမေရိကန်ဆိုသည့်အမည်ကို ချစ်မြတ်နိုးစွာ ယူတတ်ကြသည်** ဟု သူက ဆိုခဲ့ပြီ"

**"မြန်မာသည် တိုင်းရင်းသားအားလုံး ပိုင်ဆိုင်သော နာမည်ဖြစ်သည်။ ဗမာသည် ကျန်တိုင်းရင်းသားများကဲ့သို့ပင် မြန်မာ၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်၏။"**

ယခုအချိန်ထိ ဗမာနှင့်မြန်မာကို မှားယွင်းစွာ အဓိပ္ပာယ် ဖွင့်ဆိုသူများကို သူက လေးစားစွာတင်ပြထားခြင်းသာ ဖြစ်ဟန် တူသည်။ ခေါင်းဆောင်တစ်ချို့မှာ ထိုကဲ့သို့ ဆိုခဲ့သည့်စကား အတွက် ပြန်လည်စဉ်းစား သုံးသပ်နိုင်စေရန် နှိုးဆော်ထားဟန် ရှိသည်။

**အခန်း (၁၅) ။ ။ အနာဂတ် မြန်မာ့အရေး (၁၅) တွင် "ပါတီစုံဒီမိုကရေစီစနစ်တွင် ပါတီနိုင်ငံရေးစနစ်ပီပြင်မှုပါတီ များဖွံ့ဖြိုး၍ အမျိုးသား အကျိုးစီးပွားလည်း** ပိုမိုဖြစ်ထွန်း လိမ့်မည်ထင်သည်"ဟု ဝင်းနိုင်သောင်းက ဆိုထား၏။ သူ၏ တင်မြင်ချက်၊ သူ၏ယုံကြည်ချက်၊ သူ၏အမြင်နှင့် ရိုးရှင်းသော စံညွှန်းတို့ကို သူက လွတ်လွတ်လပ်လပ် တင်ပြသွားခြင်းဖြစ်ပေ သည်။

**အခန်း (၁၆) ။** ။ ကျွန်မသိသည့် သဘောတရားအရ ဆိုပါ လျှင် နိုင်ငံခေါင်းဆောင်ဆိုသူမှာ နာယကဂုဏ်(၆)ပါးနှင့် ပြည့်စုံ အောင် ကျင့်ကြံအားထုတ်ရန် လိုအပ်ပြီး အဂတိတရား (၄)ပါး ကင်းစင်ကာ အပရိဟာနိယတရား (၇)ပါးနှင့် ကင်းစင်ရမည်သာ ဖြစ်ပါ၏။

ထို့ပြင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်မည်ဆိုပါက ရှေးက အစဉ်အလာအတိုင်းပင် မင်းကျင့်တရား(၁၀)ပါးနှင့်လည်း ပြည့်စုံရ မည်ဖြစ်ပေသည်။ ခေါင်းဆောင်ဟူသော အဓိပ္ပာယ်မှာ–

စိတ်ထားရှည်စွာ မကြွားဝါခြင်း
မပြင်းဒေါသ မာနမထူ
ကျေးဇူးသိမြင် ဂုဏ်အင်မပြိုင်

ဖြည့်လှိုင်တင့်နိုး ကိုယ်ကျိုးကိုသာ
မရှာပေလစ် သူ့အပြစ်ကို
မှတ်ထင်မထား သူတစ်ပါးကို
စော်ကားပြစ်တင် မဆိုကြဉ်ရှောင်
မကောင်းမှု၌ မကြိုက်မရှင်
ကောင်းမှုမြင်သူ ကြည်လင်ဝမ်းသာ
သည်းခံမှာလည်း များစွာရှိသော်
ခေါင်းဆောင်ကျော် ... ဟု။

ဆိုထားရာ ဒုစရိုက် ၁၀ ပါး ကင်းရှင်းစွာလည်း နေတတ်ထိုင်တတ်ကြရမည်ဖြစ်ပါ၏။ ခေါင်းဆောင်တို့သည် ပြည်သူကို စောင့်ရှောက်ရန် တာဝန်ရှိပါသည် ယနေ့မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသားနုတက်ခါစ အချိန်ကာလမှာ ယုံကြည်ချက်ကြောင့် လှုပ်ရှားနေသူများ တစ်နေ့တခြား များလာပေသည်။ ဝင်းနိုင်သောင်းက ဒီမိုကရေစီ လှုပ်ရှားသူများ ကြားထဲသို့ Message တစ်ခုပေးချင်သည်ထင်၏။ ပြည်သူများ အကြောက်တရား ကင်းမဲ့စွာနှင့် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ဘေးအန္တရာယ် ကင်းကင်းနှင့် ချီတက်နိုင်ရေးအတွက် အထောက်အကူပြုစေပုံရသည်။

သို့ရာတွင် သူစာ၏ အခန်း(၁၆)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်အားသာချက်များကို စစ်စစ်ပေါက်ပေါက် ဆီလိုအပေါက်ရှာကာ လိုသလိုဆွဲယူ၍ မိမိအတ္တအတွက် အားသာချက်ယူမည်ဆိုလျှင် ရေရှည်တွင် အကျိုးရှိနိုင်မည် မဟုတ်ပေဟု ဆိုထားပေရာ ...။

ယနေ့ခေတ်ကာလ၏ ဒီမိုကရေစီ ရေစီးကြောင်းမှာ ကျွန်မတို့ ပြည်သူများအနေဖြင့် ရပ်တည်မှုနှင့်အမြင် အမျိုးမျိုးကို လွတ်လပ်စွာ ရပ်တည်ကာ မြင်နိုင်ကြပါ၏။ **သမိုင်းသင်တာ မအဖို့**ဟု ဒေါက်တာသန်းထွန်းက ဆိုခဲ့သည်။' **ညီညွတ်ကြကွယ်ရို့**'ဟု သခင်ကိုယ်တော်မှိုင်းကဆိုခဲ့သည်။ ခေတ်ပြောင်းချိန်မှာ ဒီမိုကရေစီ အပြောင်းအလဲကြီး၏ မြစ်ရေယဉ်ကြောအတွင်း ကျွန်မတို့ ပြည်သူတွေမှာ အတူတစ်ကွပင် အလျားလိုက် မြောပါသွားကြတော့မည်သာ ဖြစ်ပါသည်။ နုနယ်၍ အရွယ်မရောက်သေးသော ဒီမိုကရေစီတိုင်းပြည် တစ်ပြည်ကို ကျွန်မတို့အားလုံး တက်တက်ကြွကြွနှင့် ကိုယ်စွမ်းရှိသလောက် ဉာဏ်စွမ်းရှိသမျှ ပိုင်းကာ ဝန်းကာ ပြုစုပျိုးထောင်ကြပါစို့ဟု တိုက်တွန်းရင်းမှ ဝင်းနိုင်သောင်းက နှိုးဆော်လိုက်သည်။ ကျွန်မကတော့ ဝင်းနိုင်သောင်းကို နောင်ကြုံတွေ့ရဦးမည့် လောကဓံတရားအတွက် ကြိုတင်၍သာ အောက်ပါအတိုင်း ပြောလိုပါသည်။

**''လောကအကျိုး**
**ရွက်သယ်ပိုးက**
**ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း**
**မရွံ့မစောင်း**
**ကိုယ်လမ်း ကြောင်းကို**
**စိတ်ကောင်းနှင့်ယှဉ်**
**ရှေ့ရှုနှင့်လော့''ဟူ၍သာ ......။**

✕ ✕ ✕

## စာရေးသူ၏ကိုယ်ရေးအကျဉ်း

**အမည်ရင်း**

ဇော်ဝင်းနိုင်

**ကလောင်အမည်**

ဝင်းနိုင်သောင်း၊ ဇော်နိုင်

**မိသားစု** ။ ။ ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီ(၁၂)ရက်နေ့ ရန်ကုန်တိုင်း၊ အလုံမြို့နယ်တွင် မွေးဖွားခဲ့သည်။ အဘ ဗိုလ်ကြီး စိန်သောင်း(ကျဆုံး)၊ အမိဒေါ်တင်တင်ဝင်း၊ မွေးချင်း(၄)ယောက် တွင် ဒုတိယဖြစ်သည်။

၁၉၉၂ ခုနှစ်တွင် အဘဗိုလ်အောင်ဌေး (ကျဆုံး)၊ အမိ ဒေါ်သန်း သန်းအေးတို့၏သမီး (ဒေါ်)နေနွယ်အေးနှင့် အိမ်ထောင်ကျကာ သားတစ်ဦး ထွန်းကားခဲ့သည်။

**ပညာရေး ။** ။ ၁၉၈၂ ခုနှစ်တွင် အခြေခံပညာ အထက်တန်းစာမေးပွဲအား အထက (၆)အလုံမှ အောင်မြင်ခဲ့သည်။ သချာဘာသာ အဓိကဖြင့် ရန်ကုန်တက္ကသိုလ် ကြည့်မြင်တိုင်နယ်မြေတွင် ပထမနှစ် တက်ရောက်ခဲ့သည်။ ၁၉၈၃ – မှ ၁၉၈၇ ခုနှစ်အထိ ပြင်ဦးလွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၈)တွင်တက်ရောက် ပညာသင်ကြားခဲ့ပြီး B.Sc (DSA) ဘွဲ့ရရှိခဲ့ပါသည်။

**အလုပ်အကိုင် ။** ။ ၁၉၈၇ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိ ဒုတိယဗိုလ်အဖြစ် စတင်ခန့်အပ် တာဝန်ပေးအပ်ခြင်းခံခဲ့ရပြီး တမခ (၈၈)နှင့် တမခ (၆၆) လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၉၁ ခုနှစ်တွင် တပ်မတော် ထောက်လှမ်းရေးသို့ ပြောင်းရွှေ့တာဝန်ပေးအပ်ခံခဲ့ရပြီး ဗန်းမော် ထောက်လှမ်းရေးတပ်တွင် တာဝန် ထမ်းဆောင်ခဲ့ပါသည်။

၁၉၉၄ ခုနှစ်မှစ၍ တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံး၊ စစ်မဟာဗျူဟာလေ့လာရေးရုံး၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံး၊ နိုင်ငံရေးဌာနများတွင် ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ– ၁၈ ရက်နေ့ထိ ဗိုလ်ကြီး၊ ဗိုလ်မှူးအဆင့်များဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၂၀၀၄ ခုနှစ် တပ်မတော် ထောက်လှမ်းရေး ဖျက်သိမ်းရာတွင် တပ်မတော်မှထုတ်ပယ်ခြင်းခံခဲ့ရပြီး ထောင်ဒဏ်(၁၄)နှစ် ပြစ်ဒဏ်ကျခံခဲ့ရပါသည်။

၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ အင်းစိန်အကျဉ်းထောင်၊ ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ မအူပင် အကျဉ်းထောင်။

၂၀၁၂ ခုနှစ် ဇန္နဝါရီလ(၁၃)ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။

✻ ✻ ✻

# စာရေးသူ၏ အမှာစာ

အနာဂတ် မြန်မာ့အရေး ဆောင်းပါးများသည် နောင်တစ်ချိန် ဖြစ်ပေါ်လာမည့် ဒီမိုကရေစီ ပြည်ထောင်စု မြန်မာနိုင်ငံ၏ အနာဂတ်သာယာလှပစေရန် ရည်ရွယ်ကာ ရေးသားခဲ့ခြင်းဖြစ်သည်။ ကိုယ်တိုင် တွေ့ကြုံသိမြင် လေ့လာခဲ့ရသည့် အတွေ့အကြုံများနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များအပေါ် ယှဉ်တွဲစဉ်းစားရာမှ ရရှိလာသော အမြင်များကို ရှုထောင့်တစ်ခုမှ ထည့်သွင်းစဉ်းစားနိုင်ပါရန် ရည်ရွယ်ကာ ရေးသားခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအရ အချက်အချာကျသော နေရာဒေသတစ်ခုဖြစ်၏။ အတိတ်သမိုင်းအရသော် လည်းကောင်း၊ ပစ္စုပ္ပန် အခြေအနေအရသော် လည်းကောင်း၊ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်လိမ့်မည်ဟု တွက်ဆနိုင်သော အခြေအနေများအရသော်လည်းကောင်း မြန်မာနိုင်ငံ၏အရေးကို ကမ္ဘာ့နိုင်ငံရေးနှင့်ယှဉ်ကာ စဉ်းစားသင့်လှပေသည်။ အဓိကကျသော အချက်တစ်ချက်မှာ မိတ်ဝတ်မပျက် ဆက်ဆံတတ်မှုနှင့် ဘက်မလိုက်သော သမာသမတ်ကျမှုသာ ဖြစ်ပါ၏။

အာရှ–ပစိဖိတ်ဒေသ လွှမ်းမိုးချုပ်ကိုင်မှုနှင့် ရုန်းထွက်

ထိုးဖောက်မှု ကိစ္စရပ်များတွင် မြန်မာနိုင်ငံသည် အရေးပါလှပေသည်။ ဖဆပလခေတ်၊ ဆိုရှယ်လစ်ခေတ်များတွင် အမေရိကန်နှင့် ဆက်ဆံရေး အတန်အသင့်ကောင်းမွန်သည့် ကာလများ၌ တရုတ်–မြန်မာ နယ်စပ်ဒေသများတွင် ကြားခံရေးဇုန် (Buffer Zone) များအဖြစ် ပြည်တွင်းလက်နက်ကိုင် လမ်းစဉ်များတွင် စွက်ဖက်ကာ ထောက်ပံ့မှုများကိုတွေ့နိုင်သည်။

တပ်မတော်အစိုးရ လက်ထက်တရုတ်–မြန်မာ ဆက်ဆံရေးကောင်းမွန်သည့် ကာလတွင် အမေရိကန် အပါအဝင် လယ်ယာ အုပ်စု၏ စီးပွားရေးပိတ်ဆို့မှုဝါဒကိုလည်း မေ့ထား၍ မသင့်ပေ။ ဒီမိုကရေစီနှင့် လုံးလုံးလျာလျား သက်ဆိုင်သည်ဟု လည်းယူဆ၍ မရနိုင်ချေ။

လက်ရှိ အစိုးရလက်ထက် အမေရိကန်နှင့် ဆက်ဆံရေး အတန်အသင့် ကောင်းမွန်လာသည်မှာ ထင်ရှားသည့် ပြယုဂ်တစ်ခုသာ ဖြစ်ပါလိမ့်မည်။

ဒီမိုကရေစီ စနစ်ကိုအခြေခံ၍ ပြောင်းလဲလာသော ဆက်ဆံရေး သက်သက်မဟုတ်ပေ။ အမေရိကန်ပြည်ထောင်စု၏ အာရှ – ပစိဖိတ်ဒေသ လွှမ်းမိုးချုပ်ကိုင်လိုသော မူဝါဒ၏ အရေးပါမှုသည် အဓိကဖြစ်ပါ၏။

ဤအခြေအနေတွင် ထိုင်ဝမ်ကျွန်းဘက်သို့ ချိန်ထားသော တရုတ်ဒုံးကျည်များ မြန်မာနိုင်ငံဘက်သို့ လှည့်မချိန်ရန် အရေးကြီးပါ၏။ အနိမ့်ဆုံးအဆင့် ကြားခံဇုန်များ ပြန်ပေါ် မလာစေရန် သတိကြီးစွာဖြင့် ကိုင်တွယ်ဆက်ဆံရမည့် ကိစ္စသာ ဖြစ်ပေသည်။

ပြည်တွင်းရေးကို ကြည့်မည်ဆိုပါလျှင် လူမျိုးစုအရေ အတွက်များက များပြားလွန်းလှ၍ ဖြစ်ပေါ်လာသော ပြဿနာ များနှင့် ကိုယ့်အယူအဆကို ရှေ့တန်းတင်ပြီး အမှန်ယူ အကောင် အထည်ဖော်လိုသော ဝါဒများက အဓိကပြည်တွင်းရေး မတည် ငြိမ်စေနိုင်သော ပြဿနာများသာဖြစ်၏။ ထိုပြဿနာများကို အခုအခံ နည်းပါးစွာဖြင့် ပထမဦးစွာဖြေရှင်းနိုင်ရေးသည် အရေး ကြီးပါ၏။ ထိုမှတစ်ဆင့် ရေရှည်တည်တံ့စေရန် အဓိကကျ သည်မှာ အများလက်ခံ နှစ်ခြိုက်သော သင့်တင့်မျှတသော Rule and Regulation သာ ဖြစ်သည်ဟု မိမိအနေဖြင့် ယူဆပါ၏။

ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ပီပြင်လာသည်နှင့်အမျှ ဝါဒ ရေးရာသည် အသက်ဝင်လာမည်မှာ သေချာလှပေသည်။ အဓိကကျသော နိုင်ငံရေးဇရိယာမှပုဂ္ဂိုလ်များအနေဖြင့် အနာဂတ် မြန်မာ့အရေးကို ချိန်ဆနိုင်စေရန်နှင့် ပြည်သူလူထုတို့ ဗဟုသုတ ရရှိစေရန် ရည်ရွယ်၏။

မိမိပေးလိုသော စဉ်းစားစေလိုသော massage မှာ Rule and Regulation သာဖြစ်ပြီးထိုအပေါ်တွင် အခြေခံကာအနာဂတ် မြန်မာ့အရေး ဆောင်းပါးများကို ရေးသားထားခြင်းပင်ဖြစ်၏။

အယူအဆ မတူညီမှုများ လိုအပ်ချက်များရှိပါက အပြု သဘောဆောင်သောရေးသားမှုတစ်ရပ်မျှသာ ဖြစ်သည်ဟု ယူဆ ကာ ခွင့်လွှတ်ပေးနိုင်ပါစေကြောင်း အနူးအညွတ် တောင်းပန် အပ်ပါသည်။

⌘ ⌘ ⌘

# အနာဂတ် မြန်မာ့အရေး (၁)

နိုင်ငံသားအားလုံး၏ တူညီသော ဆန္ဒမှာ နိုင်ငံကြီးပွား ချမ်းသာရေးသာလျှင် အဓိကဖြစ်လိမ့်မည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများမှသာလျှင် မဟုတ်ပါ။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းရှိ နိုင်ငံသားများ အားလုံးသည်ပင်လျှင် ကိုယ့်နိုင်ငံကို ကြီးပွားချမ်းသာစေချင်ကြသည်မှာ ဓမ္မတာပါ။

သို့သော် နိုင်ငံသားအားလုံး ကြီးပွားချမ်းသာ မရှိကြသည်မှာလည်း အထင်အရှားဖြစ်၏။ အဘယ်ကြောင့်နည်း။ စဉ်းစားစရာ ကောင်းလှပေသည်။ အခြေခံအားဖြင့်ဆိုလျှင် နိုင်ငံ့ရင်းမြစ်၊ သယံဇာတနှင့် နိုင်ငံစနစ်များအပေါ် အခြေခံပေလိမ့်မည်။

ရင်းမြစ်သယံဇာတအပေါ်အခြေခံပြီး ကြီးပွားချမ်းသာသော နိုင်ငံများရှိကြသလို ရင်းမြစ်သယံဇာတ မရှိသော်လည်း စနစ်အပေါ် အခြေခံပြီး ကြီးပွားချမ်းသာသော နိုင်ငံများသည်လည်း အပုံအပင်။ ရင်းမြစ်သယံဇာတ မည်မျှပင်ရှိစေကာမူ

စနစ် မှန်ကန်ခြင်းမရှိသော နိုင်ငံများသည်လည်း ဆင်းရဲမွဲတေ လျက်ရှိနေသေးသည်မှာ အထင်အရှား။

မြန်မာနိုင်ငံသည် မည်သည့် နိုင်ငံထဲတွင် ပါသနည်း။ မေးစရာလိုမည် မထင်ပါ။ သို့သော် စဉ်းစားအဖြေရှာ ပြုပြင် ကျင့်သုံးကြမည်ဆိုလျှင် မဝေးလှသော အနာဂတ်တွင် ခန့်ထည် လှပသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါလိမ့်မည်။

သမိုင်းအမြင်အရ ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံသည် ခိုင်မာသော စနစ်မရှိခဲ့ပါ။ ဦးဆောင်မှုအခန်းကဏ္ဍတွင် ရှိကြကုန် သော လူပုဂ္ဂိုလ်များ၏ ဆန္ဒအရစမ်းသပ်ခံခဲ့ရသော အခြေအနေ ကိုသာလျှင် ကြုံတွေ့ခဲ့ရပေသည်။

ထိုပုဂ္ဂိုလ်များကို ပြစ်တင်ဝေဖန်ခြင်းမဟုတ်ပါ။ သင်ခန်း စာယူ၍ စဉ်းစားကြစေလိုသည်။ ကိုယ့်နိုင်ငံကို မကြီးပွားစေ လိုသော ခေါင်းဆောင်များ မရှိကြပါ။ ကြီးပွားစေလိုကြသူများ ချည်းသာ ဖြစ်သည်။ သို့သော် ကိုယ့်အမြင်သာလျှင် မှန်သည်ဟု ယူဆခဲ့ကြဟန် တူသည်။

ထိုစဉ်အခါများက မှန်ချင်မှန်ပါလိမ့်မည်။ ရလဒ်အရ ဆို လျှင်တော့ 'တစ်ခုခုမှားနေသည်။ မှားခဲ့သည်' ဟုသာ သုံးသပ် ရမည် ဖြစ်၏။

မြန်မာနိုင်ငံ၏ အဓိကပြဿနာမှာ နိုင်ငံရေးအကွဲအပြဲ နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲခဲ့ခြင်း အပေါ်တွင် များစွာ အခြေခံသည်။

တစ်နည်းဆိုရလျှင် နိုင်ငံရေးအယူအဆအားပြိုင်မှုနှင့် လူမျိုးရေးကိုအခြေခံသည့် လက်နက်ကိုင်လမ်းစဉ် ပြဿနာများ ဖြစ်၏။ ထိုအဓိကပြဿနာနှစ်ရပ်မှာ လွတ်လပ်ရေးနှင့်အတူ ပေါက် ဖွားလာခဲ့သလို ယခုအချိန်ထိတိုင် မပြီးနိုင်သေးပေ။

တချို့က "ဒီမိုကရေစီ မရှိလို့"ဟူ၍ ဆိုသည်။ တချို့က "တန်းတူရည်တူ မရှိလို့"ဟူ၍ အကြောင်းပြ၏။ ထို့အတူ "အာဏာသိမ်းလို့"၊"တည်ငြိမ်အေးချမ်းမှုမရှိလို့"၊ "ညီညွတ်မှု မရှိလို့"စသည့်ဖြင့် အကြောင်းအမျိုးမျိုး ပေးကြ၏။

---

**မြန်မာနိုင်ငံသည် မည်သည့် နိုင်ငံထဲတွင် ပါသနည်း။ မေးစရာလိုမည်မထင်ပါ။ သို့သော် စဉ်းစားအဖြေရှာ ပြုပြင်ကျင့်သုံး ကြမည်ဆိုလျှင် မဝေးလှသော အနာဂတ်တွင် ခန့်ထည်လှပသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါလိမ့်မည်။**

---

မည်သည့်ဘက်က ကြည့်ကြည့် ဘက်အရ မမှားနိုင် သော အယူအဆများပင်ဖြစ်သည်။ သို့သော် ခိုင်မာသည့်စနစ် တစ်ခုအဖြစ်သို့ ရောက်ရှိမလာခဲ့။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှ ၁၉၅၈ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီ။ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ အိမ်

စောင့် အစိုးရ၊ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ ပထမ အစိုးရ၊ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တော်လှန်ရေး ကောင်စီ။ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ။ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ စစ်အစိုးရဟူ၍ စနစ်မျိုးစုံ၊ ပုံစံမျိုးစုံဖြင့် မြန်မာနိုင်ငံသည် ချီတက်ခဲ့ရ၏။

ထိုစနစ်ပုံစံများ ကျင့်သုံးနေသည့် ကာလတစ်လျှောက် လုံးမှာပင် တိုင်းရင်းသားအရေး၊ လက်နက်ကိုင်အရေးများ စိုးစိ မျှပင် လျော့နည်းသွားခြင်းမရှိခဲ့။ ပို၍ပို၍ပင် အားကောင်းလာ ခဲ့ကြသည်။

၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အကြား စစ်အစိုးရလက် ထက်တွင် တိုင်းရင်းသားအရေး၊ လက်နက်ကိုင်အရေး အတန် သင့် ငြိမ်သက်ခဲ့၏။ တိုးတက်ခဲ့၏။ သို့သော် စနစ်တစ်ခုအထိ တော့ မရောက်သေး။

စနစ်ဟုဆိုရာတွင် ယန္တရား (Mechanism) ကိုသာ ဆိုလိုသည်။ ဝါဒ(ism)ကို ဆိုလိုခြင်းမဟုတ်။ ကိုလိုနီခေတ်တွင် လွတ်လပ်ရေးရရန်နှင့် ဆက်လက် ချီတက်နိုင်ရန် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပေါ်ပေါက်ခဲ့၏။ သို့သော် ၁၅ နှစ်ကြာ ၁၉၆၂ ခုနှစ်တွင် အသုံးမဝင် ပျက်စီးသွား၏။

တစ်ဖန် ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေသစ်တစ်ခု ပေါ်ပေါက်လာခဲ့ပြန်သည်။ တစ်ပါတီစနစ်ကို အခြေခံသလို နိုင်ငံရေးအင်အားစု၊ လက်နက်ကိုင် အင်အားစုများ

က လက်မခံသည့်အတွက် ၁၄နှစ်ကြာ ၁၉၈၈ ခုနှစ်တွင် ပျက်သုဉ်းခဲ့ရပြန်သည်။

ထိုသို့ အသစ်တည်ဆောက်လိုက်၊ ပျက်စီးသွားလိုက်နှင့် လုံးလည်ချာလည်နေသော မြန်မာနိုင်ငံသည် မည်သို့မျှ မကြီးပွားနိုင်။ မကြိုက်သည့်ကိစ္စကိုဖျက်ပြီး အသစ်က ပြန်စမလား။ သင့်တင့်လျောက်ပတ်အောင် ပြင်ယူမလား။ အင်မတန် အရေးကြီးသည်။

ထိုသို့ ကိစ္စရပ်များကို ဖန်တီးနိုင်သူများမှာ နယ်ပယ်အသီးသီးရှိ ဦးဆောင်မှုအခန်းကဏ္ဍတွင် ရှိကြကုန်သော ပုဂ္ဂိုလ်များသာလျှင်ဖြစ်၏။

ဒီမိုကရေစီသဘောအရဆိုလျှင် ပြည်သူလူထု၏ အဆုံးအဖြတ်ဟူ၍သာ ပြောကြပေလိမ့်မည်။ မှားသည်ဟုမဆိုသာ။ သို့သော် ပြည်သူလူထုသည် အရောင်မရှိပါ။

ခိုင်မာသည့် စနစ်တစ်ခုအပေါ်အခြေခံကာ ထိုပုဂ္ဂိုလ်များ အားပြိုင်ကြမည်ဆိုလျှင် လူ သာရေခေါ်၊ နတ် သာရေခေါ်ပြီး နိုင်ငံအတွက်၊ ပြည်သူအတွက် ကောင်းလိမ့်မည်။ သို့မဟုတ်ပါက တိုင်းပြည်သည် ဒုံရင်း၊ ဒုံရင်းသာ ရှိချေလိမ့်မည်။

ဤသို့ဆိုလျှင် '**အနာဂတ်မြန်မာ့အရေး**'သည် ခိုင်မာသောစနစ်တစ်ခုအပေါ်တွင်သာတည်မှီလိမ့်မည်ဟုဆိုချင်သည်။

⁂ ⁂ ⁂

# အနာဂတ် မြန်မာ့အရေး (၂)

နိုင်ငံတစ်နိုင်ငံအတွက် ခိုင်မာသည့်စနစ်တစ်ခု အရေးကြီးသည် ဆိုရာတွင်ဆိုလိုသည်မှာ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသာဖြစ်သည်။

ကမ္ဘာပေါ်တွင် နိုင်ငံမျိုးစုံရှိကြသလို နိုင်ငံဖွဲ့စည်းတည်ဆောက်ရာတွင် စနစ်မျိုးစုံ ရှိကြသည်။ ယူနီယံ၊ ယူနိုက်တက်၊ ဖက်ဒရယ်၊ကွန်ဖက်ဒရေးရှင်း၊ ယူနက်တရီအစရှိသဖြင့် အမျိုးမျိုးဖွဲ့စည်းကြ၏။

ထိုစနစ်မျိုးစုံကို ချုံ့ကြည့်မည်ဆိုလျှင် တစ်ပြည်ထောင်စနစ် (Unitary System) ကလွဲလျှင် ကျန်စနစ်များသည် ကျင့်သုံးသည့် စနစ်ပုံစံအနည်းငယ်ကွဲပြားသည်မှလွဲ၍ ပြည်ထောင်စုစနစ်များသာဖြစ်သည်။

ယူနက်တရီစနစ်သည် လူမျိုး တစ်မျိုးတည်းပေါ်မှာ အခြေခံသည့်အတွက် နိုင်ငံဖွဲ့စည်းတည်ဆောက်ရာတွင် ပြဿနာ

အနည်းဆုံး ဖြစ်၏။ ကျန်ပြည်ထောင်စုစနစ်များသည် ပြဿနာ အနည်းအများသာ ကွာခြား၏။

ဖွဲ့စည်းမှုမှန်ကန်ပြီး ကျင့်သုံးသည့် အုပ်ချုပ်မှုပုံသဏ္ဌာန် ကိုက်ညီသည့် နိုင်ငံများတွင် ပြဿနာနည်းပါး၏။

ထို့ကြောင့်ပင် နိုင်ငံအသီးသီးရှိ ခေါင်းဆောင်များ၊ နိုင်ငံရေး ပညာရှင်များ၊ နိုင်ငံရေးသမားများသည် ကိုယ့်နိုင်ငံနှင့်ကိုက်ညီမည့်စနစ်ကို ရှာဖွေဖန်တီးကြခြင်းပင်ဖြစ်သည်။

လူမျိုးစုအသီးသီး၊ အယူအသီးသီး၊ ယဉ်ကျေးမှု အသီးသီး၊ ဘာသာအသီးသီးအပေါ်မှာ အခြေခံပြီး နိုင်ငံတည်ဆောက်ကြရသည့်အတွက် ပြည်ထောင်စုစနစ် နိုင်ငံများတွင် ပြဿနာ မသေးလှပါ။

လူမျိုးစု ပြဿနာ၊ ယဉ်ကျေးမှု ပြဿနာ၊ ဘာသာရေး ပြဿနာ၊ ကြီးနိုင်ငယ်ညှင်းပြဿနာစသည်ဖြင့် မျိုးစုံကြုံတွေ့နေရဆဲ ဖြစ်သည်။ နောင်လည်း ကြုံတွေ့ရဦးမည်ဖြစ်၏။ လူနှင့်လူ့ပတ်ဝန်းကျင်ဖြစ်သည့်အတွက် ပြဿနာသည် ရှိနေမည်သာ ဖြစ်သည်။

သွေးထွက်သံယို ပြဿနာများ၊ အစုလိုက် အပြုံလိုက် အစဖျောက်သည့် ပြဿနာများ၊ လူမျိုးသုဉ်း သတ်ဖြတ်ခြင်း ပြဿနာများ အစရှိသဖြင့် ကြီးမားသော ပြဿနာများ မရှိစေရန်သာ အရေးကြီး၏။ မည်သို့ထိန်းမည်နည်း။ အင်မတန် အရေးကြီးလှပေသည်။

တချို့က''ကွန်မြူနစ် စနစ်သာ ကောင်းသည်။ ကွန်မြူနစ်စနစ်ဖြင့် သွားခြင်းအားဖြင့် လူတန်းစားပြဿနာ၊ လူမျိုးရေးပြဿနာ အနည်းဆုံးဖြစ်သည်''ဟူ၍ ဆိုကြ၏။

တချို့က'' ဆိုရှယ်လစ်စနစ်သာလျှင် အဆင်အပြေဆုံးဝါဒရေးအားဖြင့် လွတ်လပ်မှုနှင့် တင်းကျပ်မှုကြားထဲတွင်ရှိသဖြင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုနှင့်တန်းတူအခွင့်အရေး ညီမျှသည်''ဟူ၍ ဆိုကြပြန်သည်။

ထို့အတူ''ဒီမိုကရေစီသာလျှင် အဆင်အပြေဆုံး။ ဒီမိုကရေစီမရှိသည့်အတွက် လူတန်းစား ပြဿနာ၊ လူမျိုးရေးပြဿနာများ ကြုံတွေ့ရခြင်းဖြစ်သည်'' ဟူ၍လည်း ကောက်ချက်ဆွဲကြ၏။ စသည်ဖြင့် ပြည်ထောင်စု နိုင်ငံသစ်တစ်ခု တည်တိုင်းတည်တိုင်း ကိုယ့်အမြင်၊ ကိုယ့်အယူအဆအပေါ်မှာ အခြေခံကာ ဖွဲ့စည်းတည်ဆောက်ကြခြင်း ဖြစ်သည်။

ဤသည်ကိုပင် ဦးဆောင်မှု အခန်းကဏ္ဍတွင် ရှိကြကုန်သော ပုဂ္ဂိုလ်များ၏ ဆန္ဒအရ အစမ်းသပ်ခံခဲ့ရသော အခြေအနေဟု အဓိပ္ပာယ်ဖော်ခြင်းဖြစ်၏။

လက်ရှိခေတ်သစ်တွင် ဒီမိုကရေစီကျင့်စဉ်သည် ရေပန်းစား၏ ။ ကိစ္စတော်တော်များများတွင် ဒီမိုကရေစီပေတံဖြင့် တိုင်းထွာကြ၏။ ကောင်းမွန်လှပေသည်။

သို့သော် ပေတံခြင်း မတူသည့်အတွက် အငြင်းအခုံများလည်း ကိစ္စရပ်တိုင်းလိုလိုတွင် ရှိတတ်ကြ၏။

ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးများတွင်းပင် အငြင်းအခုံ ထူကြ၏။ ပြည်သူလူထုနှင့် နိုင်ငံကို ဦးတည်ပြီး ခိုင်မာသည့်ဖွဲ့ စည်းပုံရှိသည့် နိုင်ငံများတွင် ရန်ပွဲများ၊ တိုက်ပွဲများအထိ ရောက် သွားခြင်း မရှိခဲ့။

ပြည်နယ်များသည်လည်း ပြည်နယ် အရေးထက် ပြည်ထောင်စုအရေးကို ပို၍ဦးစားပေး၏။

ပြည်နယ်နှင့် ဗဟိုအစိုးရအကြား အခွင့်အာဏာကို ဖွဲ့ စည်းပုံဖြင့် ခွဲခြားထားသည့်အတွက် အခွင့်အာဏာသည် ပါတီ အပေါ်၊ တစ်ဦးတစ်ယောက် အပေါ်မှာ မတည်ဘဲ ဖွဲ့စည်းပုံပေါ် တွင်သာတည်၏။

ဤအချက်သည် အင်မတန်မှ အရေးကြီးလှပေသည်။ ပြည် ထောင်စုစနစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ကောင်း မွန်မှုတရန် လိုအပ်သလို ခိုင်မာရန်လည်း အရေးကြီး၏။

ပြည်ထောင်စု မြန်မာနိုင်ငံ၏ အနာဂတ်အတွက် အရေး အကြီးဆုံးမှာ ကောင်းမွန်မှုတပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပင် ဖြစ်သည်။

အင်္ဂလိပ် ထိုးထည့်ပေးသွားသော ဆူးတစ်ချောင်းသည် ယခုထက်တိုင်အောင်ပင် နုတ်၍မရသေး။ ခေတ်အဆက်ဆက် ခေါင်းဆောင်များကြိုးစားပြီးနုတ်ခဲ့၏။ ယခုလည်း နုတ်နေ၏။

ဆူးကိုပထမဦးဆုံး စနုတ်သူမှာအမျိုးသား ခေါင်းဆောင် ကြီး ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်သည်။ ပင်လုံတွင် စနုတ်၏။

ထို့နောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထိုခေတ်နှင့် ကိုက်ညီသည့် ပုံစံအတိုင်း တိုင်းရင်းသား အားလုံး၏ အခွင့်အရေးကို ထိုက်သင့်သလို ပေးခဲ့သည်။ ပြည်ထောင်စု မပြိုကွဲရေးကို ရှေးရှု၏။

သို့သော် အင်္ဂလိပ် လက်အောက်တွင် ရေးဆွဲခဲ့ရသည့်အတွက်သော်လည်းကောင်း၊ နှစ်ပေါင်း ၁၀၀ ကျော်ကြာ သွေးခွဲခံခဲ့ရသည့် အခြေအနေကြောင့်သော် လည်းကောင်း၊ လွတ်လပ်ရေး ရရန်အရေးကြီးနေသည့် အချိန်ဖြစ်သည့်အတွက် သော်လည်းကောင်း ဖွဲ့စည်းပုံသည် အတန်အသင့်အားနည်းခဲ့ရ၏။

၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင်လည်း တိုင်းရင်းသား အရေးနှင့် ပြည်ထောင်စုအရေးကို ထိုခေတ်နှင့် လျော်ညီသော ပုံစံဖြင့်ရေးဆွဲရှေးရှုခဲ့သည်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံတွင် မပါသော တိုင်းရင်းသား ပြည်နယ်ခုနှစ်ပြည်နယ် တိုးချဲ့ဖွဲ့စည်းခဲ့၏။ နိုင်ငံသားအခွင့်အရေး တန်းတူပေးခဲ့၏။

သို့သော် တစ်ပါတီစနစ်ကိုအခြေခံသလို အာဏာ တစ်နေရာတည်းတွင် တည်သည့်အတွက် လိုအပ်ချက်ရှိခဲ့၏။

ယခု ကျင့်သုံးလျက်ရှိသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၌ တိုင်းရင်းသားအရေး၊ ပြည်နယ်အရေးများ၊ ဖွဲ့စည်းတည် ဆောက်ရာတွင် ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံများကို အခြေခံလေ့လာ၊ ပြည်ထောင်စု မပြိုကွဲ

ရေးနှင့် ကြီးနိုင်ငယ်ညှင်း ပြဿနာများ၊ ဒေသအလိုက် မဖြစ်ပေါ်စေရန် ရှေးရှုရေးဆွဲခဲ့သည်ကို တွေ့ရသည်။ တိုင်းရင်းသားအားလုံး နိုင်ငံသားအခွင့် အရေးတန်းတူရှိ၏။

ယခုခေတ် ကာလအခြေအနေနှင့် ယှဉ်ထိုးစဉ်းစားလျှင် ကောင်းမွန်သည်ဟုမြင်သည်။ ဖွဲ့စည်းပုံအသက်ဝင်ပြီး ကျင့်သုံးလျက်ရှိ နေသည်မှာ တစ်နှစ်သားသာလျှင် ရှိသေးသည်။

အကောင်းအဆိုး ကွဲပြားခြင်းမပေါ်နိုင်သေး။ အချိန်ရလာသည်နှင့်အမျှ ပေါ်လာပါလိမ့်မည်။ ကောင်းလျှင် ဆက်လက်ကျင့်သုံး၊ မကောင်းလျှင်ပြင်။ သို့သော် ပျက်စီးသည်အထိတော့ မဖြစ်စေလိုပါ။

ဤသည်ပင်လျှင် အနာဂတ် မြန်မာ့အရေးအတွက် ကောင်းမွန်လိမ့်မည်ဟု ဆိုချင်သည်။

⁂ ⁂ ⁂

## အနာဂတ် မြန်မာ့အရေး (၃)

အနာဂတ် မြန်မာ့အရေးသည် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ပေါ်တွင်တည်သလို ကမ္ဘာ့အရေးကို ချိန်ဆတတ်ရန်လည်း အင်မတန်မှ အရေးကြီးလှပေသည်။

ထို့အတူ ဒေသတွင်း အေးချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ရန်နှင့် သိက္ခာရှိရှိရပ်တည်နိုင်ရန်လည်း မေ့ထား၍မရပါ။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရသော်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံရေးအားပြိုင်မှု အနေအထားများအရ သော်လည်းကောင်း၊ အရေးပါသော ဒေသတစ်ခုဖြစ်သည်။

အဓိကျသော အချက်နှစ်ချက်ရှိ၏။ ပထမအချက်မှာ အရှေ့ အာရှနှင့်တောင်အာရှနိုင်ငံများကို ဆက်စပ်ပေးလျက်ရှိ သော အရှေ့တောင်အာရှ နိုင်ငံများထဲမှ ကုန်းချင်းဆက်နိုင်ငံတစ်ခုဖြစ်၏။

ဒုတိယအချက်မှာ ကမ္ဘာ့အရေးတွင် အားပြိုင်ခဲ့သော၊

အားပြိုင်နေသော လက်ဝဲ၊ လက်ယာ အင်အားကြီးအုပ်စုများ ကြားထဲတွင်ရှိနေသည့် မဟာဗျူဟာနယ်မြေတစ်ခုဖြစ်၏။

ထိုအချက်နှစ်ချက်ကို တစ်ပြိုင်နက်တည်း ထင်ရှားစွာ တွေ့နိုင်သည်မှာ လူဦးရေ သန်းထောင်ကျော်ရှိသော လက်ဝဲ၊ လက် ယာ၊ အဖြူအမည်းနိုင်ငံကြီး နှစ်နိုင်ငံကြားတွင်ရှိနေပြီး ထိုနိုင်ငံနှစ်နိုင်ငံကို ဆက်စပ်ပေးနေခြင်းပင်ဖြစ်၏။

ဤအခြေအနေသည် အားသာချက်ရှိသလို အားနည်း ချက်များလည်းရှိ၏။ အားသာချက်ကို အသုံးချတတ်ပါက နိုင်ငံမှာ ကြီးပွား းချမ်းသာနိုင်၏။ ထို့အတူ အားနည်းချက်ကို ရှောင်ပြီး အားသာချက်အဖြစ် ပြောင်းနိုင်ပါကလည်း နိုင်ငံအေးချမ်းသာယာ နိုင်၏။

မြန်မာနိုင်ငံ၏ အဓိက အားသာချက်ဖြစ်သလို အားနည်း ချက်လည်း ဖြစ်သွားနိုင်သည့် အခြေအနေတစ်ခုမှာ ဘင်္ဂလား ပင်လယ် အော်နှင့် အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်ပင်ဖြစ်သည်။

ထိုထွက်ပေါက်ကို တရုတ်ကလည်း နှစ်သက်သလို ထို ထွက် ပေါက်ကိုပိတ်ထားနိုင်ရန်အတွက်လည်း အနောက်အုပ်စုက မျက်စိကျ၏။ တရုတ်နိုင်ငံ၏ အနောက်ဘက်ခြမ်း တစ်ခြမ်းလုံး သည် ကုန်းတွင်းပိတ်ဒေသဖြစ်၏။ အထူးသဖြင့် ယူနန်ပြည်နယ် သည် ရေိယာကျယ်သလို ပင်လယ်ထွက်ပေါက် ပိတ်နေသည့် အတွက် ပင်လယ်ထွက်ပေါက်ရှိသော၊ ပင်လယ်ထွက်ပေါက်နှင့် နီးသောဒေသများလောက် ထွန်းကားမှုမရှိချေ။

ယူနန်ပြည်နယ်မှ ပင်လယ်ထွက်ပေါက်ရရန် တရုတ်ပြည်တွင်း၌ပင် ကီလိုမီတာ ၅ယ၀၀၀ ခန့်သွားရ၏။ မြန်မာနိုင်ငံမှ ဖြတ်သန်းခွင့်ရပါက ကီလိုမီတာ ၁၀၀၀၀ ခန့်ဖြင့်ပင် ဘင်္ဂလားပင်လယ်အော်နှင့် မုတ္တမကွေ့ကို ရရှိနိုင်၏။

ထို့အတူ တောင်တရုတ်ပင်လယ်မှ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နှင့် အရှေ့အလယ်ပိုင်းဒေသများအထိ ထိုးဖောက်နိုင်ရန် ခရီးမိုင်ပေါင်းများစွာသွားမှပင် အိန္ဒိယသမုဒ္ဒရာကိုရောက်မည် ဖြစ်၏။

အရေးကြီးသည့် ပြဿနာတစ်ခုမှာ အနောက်အုပ်စု၏ ထိန်းချုပ်မှု မကင်းသလို အချက်အခြာကျသော မလက္ကာရေလက်ကြားကို ဖြတ်သန်းရခြင်းပင်ဖြစ်၏။

မလက္ကာရေလက်ကြားကို ရှောင်နိုင်ရန်အတွက် တစ်ခုတည်းသော အိန္ဒိယသမုဒ္ဒရာထွက်ပေါက်မှာ မြန်မာနိုင်ငံမှလွဲ၍ မရှိ။

ရေကြောင်းခရီး မိုင်အားဖြင့် ထက်ဝက်မက သက်သာခြင်း၊ စရိတ်စက သက်သာခြင်း၊ နယ်မြေ လွှမ်းမိုးထားနိုင်ခြင်း အစရှိသဖြင့် စီးပွားရေးအရသော် လည်းကောင်း၊ လွတ်လပ်စွာသွားလာနိုင်ခွင့်နှင့် နယ်မြေစိုးမိုးရေးအတွက်သော်လည်းကောင်း မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် လက်လွှတ်၍မရနိုင်သော အချက်အခြာဒေသဖြစ်၏။

ထို့ပြင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ နောက်ဖေး

တံခါး ပေါက်ဖြစ်၏။ ခေတ်အဆက်ဆက် မြန်မာခေါင်းဆောင်များ၏ နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံအတွင်း စစ်စခန်းများမထားရှိခဲ့သော၊ စစ်အုပ်စုများတွင်မပါဝင်သော မူဝါဒများသည် တရုတ်နိုင်ငံ၏ နောက်ဖေးတံခါးပေါက်ကို လုံခြုံစေ၏။

ပစိဖိတ် သမုဒ္ဒရာတစ်ဝန်းလုံးတွင် အမေရိကန်စစ်စခန်းများသည် တရုတ်နိုင်ငံကိုငုံထား၏။ ဝန်းရံထား၏။

စစ်စခန်းမထားရှိသော နိုင်ငံများတွင်လည်း စစ်ရေးမဟာမိတ်အဖြစ် ရှိပြီးဖြစ်၏။

ဤအခြေအနေကြောင့် ပစိဖိတ်သမုဒ္ဒရာသည် တရုတ်နိုင်ငံအတွက် စီးပွားရေး၊ စစ်ရေးအရ လုံခြုံမှုမရှိ။ အားပြိုင်မှုအမြဲတမ်းရှိ နေမည်သာ ဖြစ်၏။

တရုတ်နိုင်ငံ၏ နောက်ဖေး တံခါးပေါက် လုံခြုံရေးနှင့် လွတ်လပ်စွာ ဈေးကွက်ထိုးဖောက် ကုန်စည် စီးဆင်းနိုင်ရေးအတွက် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံကို မည်သည့်နည်းနှင့်မျှ လက်လွှတ် ခံနိုင်မည် မဟုတ်ပေ။

ထို့အတူဒေသတွင်း လုံခြုံရေးအတွက်သော် လည်းကောင်း၊ ဝါဒရေးအရသော် လည်းကောင်း၊ ကမ္ဘာ့အရေးအတွက်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးဖြင့် တရုတ်နိုင်ငံကို ဝိုင်းဝန်း ပိတ်ဆို့ထားလိုသည့် မူဝါဒများအရလည်း ထိုအုပ်စုများအတွက် မြန်မာနိုင်ငံသည် လက်လွှတ်ခံ၍ ရနိုင်သော နေရာ မဟုတ်ပေ။

တစ်ဖက်ကလည်း သဘောကျ၊ တစ်ဘက်ကလည်း လက် လွှတ်မခံနိုင်သည့် အခြေအနေတွင်ရှိသော မြန်မာနိုင်ငံ သည် မည်သို့ ရပ်တည်မည်နည်း။

မြန်မာနိုင်ငံ၏ ဓနအင်းအား၊ စစ်ရေးအင်အား၊ နည်း ပညာအင်အားအစရှိသော အခြေအနေ အရပ်ရပ် အင်အားများ သည် ထိုနိုင်ငံ၊ ထိုအုပ်စုများနှင့်ယှဉ်လျှင် ဆင်နှင့်ဆိတ်သာမက ဆင်နှင့် ပုရွှယ်ဆိတ်မျှသာ ရှိသေးသည်။ မြန်မာနိုင်ငံ၏ ရပ်တည် ချက်သည် အနာဂတ်မြန်မာ့အရေးအတွက် အင်မတန်မှ အရေး ကြီး၏။

ခေတ်အဆက်ဆက်မှ ခေါင်းဆောင်များသည် ကြားနေ ရေးမူဖြင့် နိုင်ငံခြားရေးမူဝါဒကို ကိုင်စွဲခဲ့၏။ မည်သည့်ဘက်ကိုမျှ ယိမ်းယိုင်ခြင်းမရှိခဲ့။

ဤသည်ပင်လျှင် အနာဂတ် မြန်မာ့အရေးအတွက် စဉ်းစားသင့်သော အချက်တစ်ချက်ဟူ၍ပင် ဆိုချင်သည်။

⌘ ⌘ ⌘

## အနာဂတ် မြန်မာ့အရေး (၄)

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော တချို့အရေးအခင်းများ၊ ပြဿနာများ၊ စစ်ရေး ကိစ္စရပ်များသည် ကမ္ဘာပေါ်ရှိ လက်ဝဲ လက်ယာအား ပြိုင်မှုများအပေါ်အခြေခံ၍ ပေါ်ပေါက်လာသည် များလည်း ရှိခဲ့၏။

ထိုဖြစ်စဉ်၊ ထိုကိစ္စရပ်များအပေါ် မိမိအမြင်၊ မိမိအယူ အဆဖြင့် တစ်ဖက်သတ်မဆုံးဖြတ်သင့်ပေ။ ဖြစ်စဉ်ဖြစ်ရပ် အခြေ အနေမှန်ကို သိအောင်ကြိုးစား၊ ထိုအပေါ်မှာ အခြေခံပြီး နိုင်ငံ ကောင်းကျိုးကိုသာ စဉ်းစားသင့်၏။

မြန်မာ့နိုင်ငံရေးတွင်လည်း လက်ဝဲလက်ယာ ပြဿနာ များရှိခဲ့၏။ လွတ်လပ်ရေးမရခင် လွတ်လပ်ရေးတိုက်ပွဲအတွင်း မှပင် စတင်ခဲ့ခြင်းဖြစ်၏။

ကိုလိုနီနိုင်ငံများ ဖြစ်ခဲ့ကြသော အာရှနိုင်ငံ တော်တော် များများတွင် လက်ဝဲလက်ယာ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး ပြဿနာများ ရှိခဲ့ကြသည်ကို တွေ့ရနိုင်၏။

တိုက်သင့်သည့် အခြေအနေမှာ တိုက်၊ ပြောင်းသင့်သည့် အခြေအနေမှာ ပြောင်းမှသာလျှင်နိုင်ငံအတွက်ကောင်း၏။ ထိုသို့ပြောင်းရဲသည့် နိုင်ငံများသည် လက်ဝဲလက်ယာ ပြဿနာများကြားမှပင် ကြီးပွားတိုးတက်လာခဲ့ကြ၏။

လက်ဝဲဆိုလျှင် လက်ဝဲ၊ လက်ယာဆိုလျှင် လက်ယာ ပြတ်ပြတ်သားသား ရွေးချယ်၍ နိုင်ငံတည်ငြိမ်အောင် ကြိုးစားခြင်းသည်လည်း အချက်တစ်ချက်ဖြစ်၏။

တရုတ်နိုင်ငံသည် ကိုလိုနီဘဝတွင် လွတ်လပ်ရေးရရန် လက်ဝဲလမ်းကို ရွေးခဲ့၏။ ထို့အတူ လက်ယာ အုပ်စုကိုလည်း လက်မလွှတ်ခဲ့။

လွတ်လပ်ရေးရရှိပြီးနောက်၊ လွတ်လပ်ရေးနှင့်အတူ လက်ဝဲလက်ယာတိုက်ပွဲများ ပြင်းထန်ခဲ့၏။ မော်စီတုန်း ဦးဆောင်သောလက်ဝဲအုပ်စု အနိုင်ရရှိပြီးနောက် တရုတ်နိုင်ငံသည် ယခုအချိန်ထိပင် လက်ဝဲစနစ်ဖြင့် ချီတက်နေဆဲဖြစ်၏။

ချန်ကေရှိတ် ဦးဆောင်သော လက်ယာ အုပ်စုသည် တရုတ် နိုင်ငံပြည်မကြီးမှစွန့်ခွာကာ ထိုင်ဝမ်ကျွန်းတွင် တရုတ်တိုင်ပေအမည်ဖြင့် နိုင်ငံသစ်တစ်ခုတည်၏။

ထိုပြဿနာသည် ယခုအချိန်ထိပင် ပြီးပြတ်ခြင်းမရှိသေး။ တရုတ် တစ်နိုင်ငံတည်း မူဝါဒနှင့် ကုလသမဂ္ဂဝင် သီးခြားနိုင်ငံ တစ်နိုင်ငံဟူသော အယူအဆ အားပြိုင်လျက်ပင် ရှိသေးသည်။ စစ်ရေးအရလည်း အပြန်အလှန်စောင့်ကြည့်ခြိမ်းခြောက်

လျက်ပင်ရှိသေး၏။ တိုင်ဝမ်ကျွန်း လုံခြုံရေးဟုဆိုကာ အမေရိကန်ရေတပ်သည် ထိုင်ဝမ်ရေလက်ကြားတွင် နေရာယူထား၏။ နိုင်ငံရေးအရဆိုလျှင် ဆိုဖွယ်ရာ မရှိတော့။ တရုတ်ပြည်တွင်းမှာပင် လက်ဝဲလက်ယာ ပြဿနာများ၊ အရေးအခင်းများ ထင်ရှားစွာ တွေ့နိုင်သည်မဟုတ်ပါလော။

ကိုရီးယားကျွန်းဆွယ် အရေးအခင်းတွင် တောင်ကိုရီးယား၊ မြောက်ကိုရီးယား အကွဲအပြဲ ပြဿနာများသည်လည်း တရုတ်နိုင်ငံ ပြဿနာနှင့် ထူးခြားကွာဟခြင်း မရှိခဲ့ပေ။ ဆင်တူယိုးမှားသာဖြစ်၏။

ကိုရီးယားကျွန်းဆွယ် လွတ်လပ်ရေးရရန် လက်ဝဲအုပ်စုသည် တရုတ်နှင့် ရုရှားကွန်မြူနစ်များကို မှီခိုရန်းကန်ခဲ့ကြသလို လက်ယာ အုပ်စုများနှင့် ပလဲနံသင့်ကာ ထောက်မှီခဲ့၏။

ထို့အတွက် ကိုရီးယားကျွန်းဆွယ်သည် လွတ်လပ်ရေးတော့ရခဲ့၏။ သို့သော် လူမျိုးဘာသာစကားတူသော်လည်း အယူအဆ မတူသော နိုင်ငံနှစ်နိုင်ငံအဖြစ် ပေါ်ပေါက်လာခဲ့ရ၏ ဆွေမျိုး သားချင်းများ တွေ့ချင်တိုင်း တွေ့ခွင့်မရ၊ သွားချင်တိုင်း သွားခွင့်မရ သော အခြေအနေများသာ အမြတ်ထွက်ခဲ့၏။

ယခုအချိန်ထိပင် မျိုးဆက်နှစ်ဆက် ကျော်လွန်သွားခဲ့သော်လည်း ညှိနှိုင်း၍မရနိုင်ကြသေးပေ။

အလားတူ တောင်ဗီယက်နမ်၊ မြောက်ဗီယက်နမ် သည်လည်း ဤအတိုင်းဖြစ်ခဲ့၏။ သို့သော် ဝါဒရေးထက် အမျိုးသား

ရေးကို ဦးစားပေးခဲ့သည့်အတွက် ကမ္ဘာ့အလယ်တွင် မျက်နှာ ပန်းလှကာ ယခုအချိန်တွင် ဝင့်ထည်လာနိုင်ခဲ့ပြီဖြစ်၏။

ကမ္ဘောဒီးယား၊ လာအို၊ အိန္ဒိယအစရှိသည့် အိမ်နီးချင်း နိုင်ငံများတွင်လည်း လက်ဝဲ၊ လက်ယာ ပြဿနာများရှိခဲ့သည် ချည်းပင် ဖြစ်သည်။

---

**မြန်မာ့နိုင်ငံရေးတွင်လည်း လက်ဝဲလက်ယာ ပြဿနာများရှိခဲ့၏။ လွတ်လပ်ရေးမရခင် လွတ်လပ်ရေးတိုက်ပွဲ အတွင်းမှပင် စတင်ခဲ့ခြင်းဖြစ်၏။ ကိုလိုနီနိုင်ငံများ ဖြစ်ခဲ့ကြသော အာရှနိုင်ငံ တော်တော် များများတွင် လက်ဝဲလက်ယာ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး ပြဿနာများ ရှိခဲ့ကြသည်ကိုတွေ့ရနိုင်၏။**

---

မြန်မာနိုင်ငံတွင်လည်း လက်ဝဲလက်ယာ ပြဿနာများ စွာရှိခဲ့၏။ သို့သော် အုပ်စုတစ်စု ပြတ်ပြတ်သားသား အနိုင်ရခြင်း မျိုးမရှိခဲ့သလို လက်ဝဲ၊ လက်ယာကွဲထွက်သောနိုင်ငံအဖြစ်လည်း ပေါ်ပေါက်လာခြင်း မရှိခဲ့ပေ။

တစ်ပိုင်းကကြည့်လျှင် ကောင်းသလို ထင်ရသော်လည်း တစ်ပိုင်းက စဉ်းစားလျှင် ကောင်းသည်ဟု မဆိုနိုင်ပေ။ နိုင်ငံကွဲ

ထွက်မသွားသည်မှာ ကောင်းမွန်သည်ဟု ဆိုနိုင်သော်လည်း ပြဿနာတန်းလန်း ကျန်နေခဲ့သည်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အတွက် အဟန့်အတားတော့ ဖြစ်စေခဲ့၏။

လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံ၏ တိုက်ပွဲများသည် တည်ဆဲ အစိုးရအပေါ် လက်ဝဲအုပ်စုနှင့် လက်ယာ အုပ်စုများ၏ ကြားညှပ်တိုက်ခိုက်ခဲ့သော တိုက်ပွဲများသာဖြစ်၏။

ကွန်မြူနစ် လက်ဝဲအုပ်စုနှင့် လူမျိုးရေး၊ ဝါဒရေး အခြေခံသော လက်ယာအုပ်စုများသာ အနိုင်ရခဲ့ပါက မြန်မာနိုင်ငံ သည် နစ်ခြမ်းကွဲသွားနိုင်၏။

ထို့ထပ်ပိုသော ရှစ်ပြည်နယ်မှုတိုက်ပွဲများသာ အားသာ အနိုင်ရသွားပါက ဘယ်နှခြမ်း ကွဲသွားမည်ကို မည်သူမျှမပြော နိုင်။ လက်ဝဲလက်ယာပြည်ပအားပြိုင်မှုများကြောင့် မြန်မာ့အရေး အတွက် အန္တရာယ်ဖြစ်ခဲ့ရသောကိစ္စရပ်မှာ မြန်မာနိုင်ငံကို ကျူး ကျော်လာခဲ့သော ကူမင်တန်ကျူးကျော်စစ်ပွဲပင်ဖြစ်၏။ ၁၉၅၀ ပြည့်နှစ် ဝန်းကျင်ခန့်က ဖြစ်၏။

တရုတ်ဖြူများ ကျူးကျော်လာကြသည်ဟု မြန်မာများ သိကြ၏။ မှန်ပါသည်။ တရုတ်တပ်နီတော် မဟုတ်ဘဲ လက်ယာ အုပ်စုချန်ကေရှိတ်၏ တပ်များသာဖြစ်၏။

အမေရိကန် စီအိုင်အေ၏ ပံ့ပိုးမှုနှင့်အတူ မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက် အိမ်နီးချင်းနိုင်ငံ၏ ပယောဂလည်းပါ၏။

၎င်းတို့၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင်

လွတ် မြောက်နယ်မြေ တည်ထောင်ရန်ဖြစ်၏။ ထိုသို့ လွတ်မြောက် နယ်မြေတည်ထောင်ထားမှသာလျှင် အချိန်မရွေးတရုတ်တပ်နီတော်ကို ပြန်လည်တိုက်ခိုက်နိုင်မှာ ဖြစ်သလို တရုတ်၏နောက်ဖေး တံခါးပေါက်ကိုလည်း ခြိမ်းခြောက်ပိတ်ဆို့ထားနိုင်မှာဖြစ်သည်ဟု ရည်ရွယ်ခဲ့ခြင်းသာဖြစ်၏။ ထို့ကြောင့်ပင် မြန်မာနိုင်ငံကို ပြောင်ပြောင်တင်းတင်း ကျူးကျော်ခဲ့ခြင်းသာဖြစ်သည်။

ထိုစဉ်က မြန်မာအစိုးရ၏ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့် စစ်စခန်းများမထားရှိရန် ခိုင်မာသော မူဝါဒများအရ စစ်ရေး၊ နိုင်ငံရေးအရ ဖြေရှင်းနိုင်ခဲ့၏။

ဤသည်ပင်လျှင် အနာဂတ် မြန်မာ့အရေးအတွက် သင်ခန်းစာ ယူသင့်သော အချက်တစ်ချက်ဟူ၍ပင် ဆိုသင့်သည်။

⁂ ⁂ ⁂

## ■ အနာဂတ် မြန်မာ့အရေး (၅)

မြန်မာနိုင်ငံ၏ အရေးသည် အလွယ်တွေး၍ ဆုံးဖြတ် အကောင်အထည်ဖော်ရမည့်အရေး မဟုတ်ပေ။

ပြည်ထောင်စု နိုင်ငံတစ်နိုင်ငံဖြစ်သလို ကိုလိုနီဘဝတွင် သွေးခွဲ ခံရသည်များလည်း ရှိခဲ့၏။ ထို့ပြင် နိုင်ငံရေးအယူအဆ များပြားသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်၏။

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော အရေးအခင်းတော်တော် များများတွင် လက်ဝဲ၊ လက်ယာ အားပြိုင်မှုများစွာရှိခဲ့၏။ သာမန် အားဖြင့်ဆိုလျှင် တည်ဆဲအစိုးရ၏ မတရားအုပ်ချုပ်မှုကြောင့် ဆူပူ ဆန္ဒပြကြသည်ဟု ဆိုကြသည်။

တချို့သော အရေးအခင်းများတွင် အခြေခံအကြောင်း ရင်းနှင့် လတ်တလော အကြောင်းရင်းများကို လေ့လာသင့်၏။ နက်နက်နဲနဲ လေ့လာသုံးသပ်ပြီးမှ ဆုံးဖြတ်အကောင်အထည်ဖော် နိုင်မှသာလျှင် အနာဂတ် မြန်မာ့အရေးသည်ကောင်းလိမ့်မည်ဟု ဆိုချင်သည်။

၁၉၆၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဆဲဗင်းဂျူလိုင် အရေးအခင်းသည် ထိုစဉ်က တော်လှန်ရေးကောင်စီအစိုးရနှင့် လက်ဝဲအုပ်စု၏ နိုင်ငံရေးအားပြိုင်မှုသာလျှင် အဓိကဖြစ်၏။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ဗကပသည် နည်း လမ်းနှစ်သွယ်ဖြင့် တိုက်ကွက်ဖော်ဆောင်ခဲ့၏။ မြေပေါ်တွင် လက် နက်စွဲကိုင် တိုက်ပွဲဝင်ခြင်းနှင့် မြေအောင်နိုင်ငံရေး နည်းလမ်းဖြင့် တိုက်ပွဲဝင်ခြင်းဖြစ်၏။ မြေအောက်နိုင်ငံရေး နည်းလမ်းသည် ယူဂျီ (UG) နည်းလမ်းဟု နာမည်ကြီး၏။

ထိုယူဂျီနည်းလမ်းသည် အမှန်တကယ်ပင် ကိုင်တွယ်ကျင့်သုံးသည့် အဖွဲ့အစည်းအတွက် တန်ဖိုးကြီးသလို တည်ဆဲအစိုးရအတွက် အထိနာလှသည့် လုပ်ငန်းစဉ်ဖြစ်၏။ ကြားကခါးနာသည့် ငထွားကတော့ ပြည်သူလူထုနှင့် နိုင်ငံပင်ဖြစ်၏။

ဗကပ၏ယူဂျီနည်းလမ်းတွင် အသုံးချရန်လူ့အဖွဲ့အစည်းနှစ်ရပ် ရွေးချယ်ခဲ့၏။ ဗကပခေါင်းဆောင် သခင်သန်းထွန်းကိုယ်တိုင်ပင်ပြောခဲ့၊ ရွေးခဲ့သောစကားဖြစ်သည်။ မြန်မာနိုင်ငံတွင် သားသုံးသား ရှိ၏။ ဘုရားသား၊ ကျောင်းသားနှင့် စစ်သားများပင်ဖြစ်၏။ ထိုသားသုံးသားသည် မိသားစုသံယောဇဉ် အကင်းဆုံးနှင့် အင်အား အကောင်းဆုံး လူ့အဖွဲ့အစည်းဖြစ်၏။ သို့သော် စစ်သားသည် အထက်အမိန့် နာခံရသည့်အတွက် ပစ်မှတ်ထားရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ကျန်သားနှစ်သားကို ပစ်မှတ်ထားရမည်ဟု ဆိုခဲ့၏။

ထို့ကြောင့် လှုံ့ဆော်ရန်နှင့် အဖွဲ့အစည်းအတွက်အမာခံ

မွေးမြူရန် စစ်သားကိုမသုံးခဲ့။ (မသုံးခဲ့ဆိုသော်လည်း ၁၉၇၀–၈၀ နှစ်များဝန်းကျင်က ယူဂျီများ ဖော်ထုတ်ဖမ်းဆီးရာတွင် တပ်မှ အရာ ရှိနှစ်ဦး ပါရှိခဲ့သည်ကိုတွေ့ရ၏။)

---

**၁၉၆၂ ခုနှစ်အထိ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော အရေး အခင်းတော်တော်များများသည် တည်ဆဲအစိုးရနှင့် လက်ဝဲအုပ်စု၏ အားပြိုင်မှု ဖြစ်စဉ်များဟူ၍ပင် ဆိုနိုင်သည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ ပေါ်ပေါက်ပြီး နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော အရေးအခင်းများသည် တည်ဆဲအစိုးရနှင့် လက်ဝဲလက်ယာ အုပ်စုနှစ်စုပေါင်း အားပြိုင်မှုဖြစ်စဉ်များဟုဆို၍ ရနိုင်သည်။**

---

၁၉၄၈ ခုနှစ်နှင့် ၁၉၆၂ ခုနှစ်ကြားကာလ မြို့ပေါ်နိုင်ငံရေးတိုက်ပွဲများတွင် ကျောင်းသားသမဂ္ဂအဖွဲ့အစည်း အသီးသီး၏ အခန်းကဏ္ဍကို အားထားအားပြုခဲ့ကြ၏။

၁၉၆၂ ခုနှစ်၊ မတ်လဆန်းတွင် တော်လှန်ရေးကောင်စီ အစိုးရ တက်လာပြီး ဆိုရှယ်လစ်လမ်းစဉ် ကြေညာပြီးနောက်

တိုင်းရင်းသား နိုင်ငံရေးကျောင်းသား အသီးသီး တောခို၍လက်နက်စွဲကိုင် တိုက်ပွဲဝင်သွားကြ၏။

ထို့အပြင် ပညာရေးနှင့် ပတ်သက်သော မူဝါဒတစ်ခု ဖြစ်သည့် စာမေးပွဲနှစ်ခါကျ ကျောင်းသားများ နေ့ကျောင်းပြန်တက်ခွင့်မရသည့် မူဝါဒကိုလည်း ပြောင်းလဲကျင့်သုံးခဲ့၏။ သာမန်ကျောင်းသားများအတွက် ပြဿနာ မရှိလှသော်လည်း ယူဂျီကျောင်းသားများအတွက် အထိနာလှပေသည်။

ထို ထိုးနှက်ချက်ကို တုံ့ပြန်သောအားဖြင့် ထိုနှစ်တွင် တိုက်တိုက်ဆိုင်ဆိုင် ဟိုက်စကူးဖိုင်နယ် နှစ်ခါပြန်ဖြေရသည်ကို အကြောင်းပြလှုံ့ဆော်ရာမှ ဆဲဗင်းဂျူလိုင်ဖြစ်ခဲ့ရ၏။

နိုင်ငံအတွက် ပြင်းထန်သည့် သမိုင်းဝင် နိုင်ငံရေးတိုက်ပွဲတစ်ပွဲဖြစ်ခဲ့၏။ အပြန်အလှန်တိုက်နေစဉ်က မသိမသာလှသော်လည်း သေချာစွာပြန်လည်စဉ်းစားကြည့်လျှင် အားလုံးနစ်နာသည် သာဖြစ်၏။

၁၉၆၂ ခုနှစ်အထိ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော အရေးအခင်းတော်တော်များများသည် တည်ဆဲအစိုးရနှင့် လက်ဝဲအုပ်စု၏ အားပြိုင်မှုဖြစ်စဉ်များဟူ၍ပင် ဆိုနိုင်သည်။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ ပေါ်ပေါက်ပြီးနောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော အရေးအခင်းများသည် တည်ဆဲအစိုးရနှင့် လက်ဝဲလက်ယာ အုပ်စုနှစ်စုပေါင်း အားပြိုင်မှုဖြစ်စဉ်များဟုဆို၍ ရနိုင်သည်။

မြန်မာနိုင်ငံ၏ လက်နက်ကိုင် တိုက်ပွဲများသည်လည်း တပ်နှင့် လက်ဝဲ၊ လက်ယာအုပ်စု တိုက်ပွဲများသာလျှင်ဖြစ်သည်။ လူမျိုးရေး၊ ဝါဒရေးများအပေါ်တွင် အခြေခံသည်သာများ၏။

၁၉၈၈ ခုနှစ် အရေးအခင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး အပြောင်းအလဲကို ထူးထူးခြားခြားဖြစ်ပေါ်စေခဲ့၏။

လေ့လာသူ တစ်ဦးအနေဖြင့် ပြောရမည်ဆိုလျှင် လက်ဝဲ လက်ယာ နှစ်ဖက်ညှပ်တိုက်သည့် အခြေအနေသည် ထိုအရေး အခင်းတွင် ပိုထင်ရှား၏။ ဤနေရာ၌ လက်ဝဲလက်ယာဟု သုံးနှုန်း ရာတွင် ပြည်တွင်း ပြည်ပနှစ်ခုစလုံးကို ဆိုလို၏။

၈၈ အရေးအခင်း ကာလအတွင်း ဗကပသည် ပြင်ဦး လွင်အထိ တိုက်ခိုက်သိမ်းပိုက်ရန် ရည်ရွယ်ချက်ဖြင့် မိုင်းယမ်း တိုက်ပွဲကို ဆင်နွှဲခဲ့၏။ မိုင်းယမ်းတိုက်ပွဲ ဆင်နွှဲနေစဉ်မှာပင် မြန်မာ–တရုတ် နယ်စပ်မူဆယ်၊ နမ့်ခမ်းဒေရိယာတွင် လက်ဝဲ အုပ်စုပြင်ပစစ်အင်အား တစ်ခု Line up ထိုး စုစည်းထားခဲ့သည် ကိုတွေ့ရ၏။

ထိုစဉ်က တမခ(၉၉) လက်အောက်ရှိ တပ်များတွင် တာဝန်ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်များနှင့် ဒေသခံတိုင်းရင်းသား များသည် ထိုအခြေအနေကို ကောင်းစွာသိကြ၏။

အလားတူကေအင်န်ယူမှလည်း မြန်မာပြည်အောက်ခြမ်း နှင့်တောင်ငူအထိသိမ်းပိုက်ရန် ရည်ရွယ်ချက်ဖြင့် မဲသဝေါတိုက်ပွဲ ဖန်တီးခဲ့၏။ တစ်ချိန်တည်းမှာပင် မြန်မာ့ရေပိုင်နက် ကိုကိုးကျွန်း အနီးတွင် အမေရိကန်စစ်သင်္ဘော အုပ်စုတစ်စု ဝင်ရောက်နေရာ

ယူထားသည့်ဖြစ်စဉ်ရှိခဲ့၏။ ထိုစစ်သဘော်အုပ်စုကို မြန်မာ့ကြယ် ငါးပွင့် သဘော်တစ်စင်းမှမျက်မြင်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

မြို့ပေါ်တွင် လက်ဝဲလက်ယာ နိုင်ငံရေးတိုက်ပွဲများဆင်နွှဲခဲ့သလို စစ်ရေးအရ လက်ဝဲလက်ယာ နှစ်ဖက်ညှပ်တိုက်ခဲ့သည့်အတွက် ဆိုရှယ်လစ်အစိုးရပြုတ်ကျခဲ့ပြီး စစ်အစိုးရပေါ်ပေါက်ခဲ့၏။ သို့သော် လက်ဝဲလက်ယာ နှစ်ခြမ်းကွဲမည့် အခြေအနေတော့ ရောက်ရှိမလာခဲ့။

ဤသို့ဆိုရာမှာ အငြင်းအခုံဖြစ်စရာ ရှိကောင်း ရှိနိုင်ပါသည်။ ရှုမြင်ပုံခြင်း မတူသည့်အပေါ်တွင် အပြစ်ဆိုရန်မရှိပါ။ သို့သော် ဖြစ်စဉ်သည် ဤအတိုင်း အမှန်ဖြစ်ခဲ့၏။

အနာဂတ် မြန်မာ့အရေးအတွက် လက်ဝဲလက်ယာ ပြဿနာကို ဘယ်မယိမ်းဘဲ မျှတအောင် စဉ်းစား အကောင်အထည် ဖော်ခြင်းသည်လည်း အရေးကြီးသည့် အချက်တစ်ချက်ဟူ၍ပင်ဆိုချင်သည်။

⁕ ⁕ ⁕

# အနာဂတ် မြန်မာ့အရေး (၆)

ပထဝီ အနေအထားအရ မြန်မာနိုင်ငံသည် အင်မတန်မှ အံ့ဩစရာကောင်းလှသလို နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေး စည်းလုံးညီညွတ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်ရေးအတွက်လည်း စဉ်းစားစရာ၊ ချိန်ဆစရာကိစ္စရပ်များ အင်မတန်မှ များပြားလှသော နိုင်ငံတစ်နိုင်ငံဖြစ်၏။

မြန်မာနိုင်ငံသည် အလွန်စိတ်ဝင်စားစရာ ကောင်းလှသော ရေမြေတောတောင် သဘာဝရှိ၏။ ကမ္ဘာတစ်ဝန်းတွင် တည်ရှိလျက်ရှိသော သဘာဝ အလှတရားမျိုးစုံ၊ ရာသီဥတုမျိုးစုံ ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်၏။

အေးမြစွတ်စိုပြီး နှင်းများ ကျဆင်းလေ့ရှိသော ရေခဲတောင်ဒေသ၊ မိုးရေချိန်များပြားလေ့ရှိသော အမြဲစိမ်းတောဒေသ၊ သဲကန္တာရတမျှ ပူပြင်းခြောက်သွေ့သော အညာရပ်ဝန်း ဒေသ၊ သဲသောင်ပြင်များ ပေါများလှပသည့် ပင်လယ်ကမ်းခြေဒေသနှင့် တောင်တန်းဒေသအစရှိသဖြင့် ရာသီမျိုးစုံ ခံစားတွေ့ရှိနိုင်၏။

မြန်မာနိုင်ငံကြီးကို ဒေါင်လိုက် နှစ်ခြမ်းခွဲပြီး ကြည့်မည်ဆိုလျှင် အနောက်ဘက်ခြမ်းတွင်ရှိသော သူများသည် အမည်းရောင်ဘက်ကို နှုယ်နေပြီး အရှေ့ဘက်ကိုသာ တဖြည်းဖြည်း ချဉ်းကပ်သွားပါက ပို၍ ပို၍ဖြူလာသည်ကို တွေ့ရ၏။

ထိုရေမြေ တောတောင် သဘာဝအရ လူနေမှု စနစ်၊ ယဉ် ကျေးမှု၊ ဘာသာ၊ အလေ့အထ စသည်ဖြင့် အနည်းနှင့် အများ ကွဲပြားခြားနားသည်ကိုလည်း တွေ့ရမှာ အမှန်ပင်ဖြစ်၏။ ဤသည်မှာလည်း စဉ်းစားစရာ အချက်တစ်ချက်ဖြစ်၏။

မြန်မာနိုင်ငံကို ကမ္ဘာတစ်ဝန်းလုံးက Close Cultural Society သို့မဟုတ် Mono Cultural Society ဟူ၍ သုံးသပ်ကြ၏။

မှန်ပါသည်။ ယဉ်ကျေးမှု သဘာဝ၊ လူမျိုးသဘာဝတို့ သည် ဒေသန္တရအရ အနည်းငယ်ကွဲပြားမှုရှိသော်လည်း ဆင်းသက်လာသော မျိုးနွယ်တူ သဘာဝအရ ခွင့်လွှတ်သည်းခံခြင်း၊ နွေးထွေးလိုက်လှဲစွာ ဆက်ဆံတတ်ခြင်းများသည် မြန်မာတိုင်း ရင်းသားအားလုံးတွင် ရှိကြ၏။ ဤသည်မှာ အနာဂတ်မြန်မာ့ အရေးအတွက် ကောင်းမွန်သော အချက်တစ်ချက်ပင် ဖြစ်၏။

စင်ကာပူ နိုင်ငံကို လူတော်တော် များများက Multi Cultural Society နိုင်ငံဟု သုံးသပ်ကြ၏။ မှန်လည်း မှန်ပါသည်။ သို့သော် များစွာသော ကွဲပြားခြားနားသည့် ယဉ်ကျေးမှု ရှိနေပေမဲ့လည်း ခိုင်မာသည့် စနစ်ပုံသဏ္ဍာန် ချမှတ် ကျင့်သုံးခဲ့ သည့်အတွက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော

နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာ ရပ်တည်နိုင်၏။

ကြားဖြတ်ရွေးကောက်ပွဲအပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် NLD လွှတ်တော် အမတ်များ၊ လွှတ်တော်သို့ တက်ရောက်ခဲ့၏။ ကျမ်းသစ္စာကိစ္စနှင့်ပတ်သက်၍ အနည်းငယ် အာရုံနောက်စရာရှိခဲ့သော်လည်း ပြည်သူ့ဆန္ဒပြည့်ဝခဲ့၏။

လွှတ်တော်အတွင်း ဝင်ရောက်ခဲ့သည့် အပေါ်မှာလည်း လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များနှင့် အခြားပါတီများ၏ ကိုယ်စားလှယ်များက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြသည်ကိုလည်း တွေ့ရ၏။ ဤသည်မှာ ကောင်းမွန်သော အချက်တစ်ချက်ဖြစ်၏။

ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ကိုယ်စားလှယ်များ လွှတ်တော်အတွင်း မဝင်မီမှာပင် တပ်မတော်သား ကိုယ်စားလှယ်များ အပြောင်းအလဲလုပ်သည်ကိုလည်း တွေ့ရ၏။

ယခင်က အရာရှိငယ်များနှင့် ဖွဲ့စည်းထားရှိခဲ့ပြီး ယခုအခါမှာ ဗိုလ်မှူးချုပ်အဆင့်အထိ ပါဝင်သော အရာရှိကြီးများ တော်တော်များများ ပါဝင်လာသည်ကို တွေ့ရ၏။ စိတ်ဝင်စားစရာကောင်းလှပေသည်။

ထိုတပ်မတော်သား ကိုယ်စားလှယ်များ၏အသံကိုလည်း နားစွင့်ခဲ့၏။ ကြားရသော အသံများအရ လက်ညှိုးထောင်၊

ခေါင်း ညိတ်မဲပေးမည့်ပုံစံ မဟုတ်ပေ။ တီးခေါက်ကြည့်သည့် အခါမှာလည်း ပြည်ခိုင်ဖြိုးပါတီ၏ မူဝါဒနောက်သော်လည်း ကောင်း၊ ပါတီတစ်ခုခု၏ သဘောထားနောက်ကို သော်လည်း ကောင်းလိုက်မည့်မဟုတ်ဘဲ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရှေးရှုမည်ဟု ဆိုကြ၏။

ချမှတ်ထားသော မူဝါဒနှင့် သဘောထားမှာ ကောင်းမွန် သည်ဟုဆိုချင်သည်။ အထူးသဖြင့် နိုင်ငံတော် ကာကွယ်ရေးနှင့် ပထဝီနိုင်ငံရေးကို ချိန်ဆမည့် သဘောရှိ၏။

ဆိုလိုသည်မှာ လွှတ်တော်အတွင်းသို့ NLD ဝင်ရောက် လာခြင်းသည် အကောင်းဘက်ကို ရှေးရှုမည့် သဘောဟုသာ ဆိုချင်သည်။ အမှန်တကယ် နိုင်ငံအတွက်၊ ပြည်သူအတွက် ဖြစ်သင့်သည့် ကိစ္စ၊ ပြင်သင့်သည့် ကိစ္စများ ဖြစ်လာနိုင်မည်၊ ပြင်လာနိုင်မည်ဟု ခန့်မှန်းရ၏။

သို့သော် ဆန္ဒမစောဖို့လို၏။ ကိုယ်ဖြစ်စေချင်သည့် ကိစ္စကို နိုင်ငံတော်၏ အခြေအနေနှင့်သော်လည်းကောင်း၊ လူမျိုးစုအားလုံး၏ သဘာဝအရသော်လည်းကောင်း၊ ချိန်ဆ တတ်ဖို့ လိုမည်ထင်၏။ ထိုသို့မဟုတ်ပါက အကျိုးမရှိသည့် ကိစ္စများသာ ပေါ်ပေါက်လာနိုင်မည်ဟု ယူဆရ၏။

စည်းရုံးရေးလုပ်ရာတွင် collective area, organized area နှင့် united area ဟူ၍ ပစ်မှတ်ထား စည်းရုံးရသည်ဟု နားလည်ထား၏။

ဒေါ်အောင်ဆန်းစုကြည်၏ နယ်ခရီးစဉ် အတော်များများတွင် United area တည်ဆောက်စရာမလိုဘဲ Unity ဖြစ်နေသည်ကိုတွေ့ရ၏။ ဤသည်မှာ ဒေါ်အောင်ဆန်းစုကြည်၏ အားသာချက်ဖြစ်၏။

လွှတ်တော်အတွင်း၌လည်း အမှန်တကယ် နိုင်ငံ့အကျိုးပြည်သူ့အကျိုးကို ရှေးရှုရမည်။ ပထဝီနိုင်ငံရေးအရ မှန်ကန်စွာချိန်ဆနိုင်ရမည်။ ညီရင်းအစ်ကို မောင်ရင်နှမအသွင် ဆက်ဆံသွားကြမည်ဆိုလျှင် စနစ်တစ်ခု၏အပေါ်တွင် အားပြိုင်နေကြသော်လည်း Unity အသွင်ဆောင်သွားပါလိမ့်မည်။

အမျိုးသားရေးကို ရှေးရှုခြင်းသည်လည်း အနာဂတ်မြန်မာ့ အရေးအတွက် အရေးကြီးသည့် အချက်တစ်ချက်ဟူ၍ ပင်ဆိုချင်သည်။

⌘ ⌘ ⌘

## အနာဂတ် မြန်မာ့အရေး (၇)

မြန်မာ့အနာဂတ်အရေးအတွက်ဆိုလျှင် နိုင်ငံတော်ကို ဦးစီးဦးဆောင်နေသူများ၊ နိုင်ငံရေးခေါင်းဆောင်များတွင် တာဝန်ရှိသကဲ့သို့ ဤနိုင်ငံအတွင်း မှီတင်းနေထိုင်သူများတွင်လည်း တာဝန် ရှိပါသည်။

ထို့ထက်ပိုပြီး ပြောရမည်ဆိုလျှင် မြန်မာ့သွေးပါသူ အားလုံး၌ တာဝန်ရှိသည်ဟု ဆိုချင်သည်။

ဆိုချင်သည်ဟု သုံးနှုန်းသော်လည်း တကယ်တမ်းပြန် တွေး၊ ပြန်လေ့လာကြည့်လျှင် မျိုးနွယ်စိတ်သဘောအရ ကိုယ့်အမျိုး အနွယ်ကိုတော့ ကောင်းချင်ကြသည်ချည်းသာ ဖြစ်သည်ကို တွေ့ရမည်မှာ အမှန်ပင်ဖြစ်၏။

မည်သည့်နိုင်ငံ၊ မည်သည့်ဒေသကိုပဲ ရောက်ရောက် သွေးကတော့ ပျောက်မသွားကြတာ မမွတာပါ။ အထူးသဖြင့် ဘောလုံးပွဲများတွင် ဤသဘောကို ကောင်းစွာတွေ့ရ၏။

အဖြူက အဖြူ၊ အမည်းက အမည်း အားပေးကြ၏။ အဖြူ အဖြူချင်း၊ အမည်းအမည်းချင်းသာဖြစ်ပြီ ဆိုလျှင်တော့ မျိုးနွယ်ကို ကြည့်ကြ၏။ မျိုးနွယ်ချင်း တူပြီဆိုလျှင်တော့ နေရာဒေသကို ကြည့်ကြ၏။ နေရာဒေသပါ တူလာပြီးဆိုလျှင်တော့ ဇာတိကို ပိုပြီးတန်ဖိုးထားတတ်ကြ၏။

ဤသည်မှာ လိုလားချက်တစ်ခုပေါ်တွင် အခြေတည်၏။ ထိုလိုလားချက်သည် အားလုံးအတွက် ကောင်းမွန်သော၊ အားလုံးဖြစ်စေချင်သော အခြေအနေသာဖြစ်၏။

အတိတ်ကို ပြန်ကြည့်မည်ဆိုလျှင် မြန်မာတိုင်းရင်းသားအားလုံးသည်လည်း အနာဂတ်အရေးကို မျှော်တွေးခဲ့ကြသည်သာ ဖြစ်၏။

လွတ်လပ်ရေးမရခင် အချိန်ကာလတုန်းကပင်လျှင် မြန်မာနိုင်ငံတွင် သဘောထားအမျိုးမျိုး ကွဲခဲ့ကြ၏။ နိုင်ငံရေးအယူအဆအမျိုးမျိုးအသက်သွင်းကြ၏။ ကိုယ်သန်ရာ သန်ရာကိုသာ အမှန်ထင်ခဲ့ကြသည်ကိုသာ သုံးသပ်တွေ့ရှိရ၏။

သို့သော် ဤနေရာတွင် ဘုံသဘောထားဟူ၍ တစ်ခုတည်းသော ပြင်းပြသည့် ညီညွတ်မှုကို တွေ့ရ၏။ တခြားတော့ မဟုတ်ပါ။ လွတ်လပ်ရေး ရရန်ပင်ဖြစ်၏။

မည်မျှပင် သဘောထား ကွဲလွဲကြပါစေ။ လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ စသည်ဖြင့် လွတ်လပ်ရေးသည်သာလျှင် ဘုံသဘော

ထားဖြစ်ခဲ့၏။ ဦးစီးဦးဆောင်ကောင်း ရှိသကဲ့သို့ မြန်မာအားလုံး ညီညွတ်ခဲ့ကြသည့်အတွက် လွတ်လပ်ရေးသည် ခိုင်ခိုင်မာမာ ရရှိခဲ့၏။ မည်မျှပင် သဘောထားကွဲလွဲကြပါစေ၊ လွတ်လပ်ရေး ရခဲ့ခြင်းသည်ပင်လျှင် ဘုံသဘောထား၏ အသီးအပွင့်ဖြစ်သည်။

သို့သော် ဘုံသဘောထားမှာ လွတ်လပ်ရေးသာအဓိက ဖြစ်ခဲ့ပြီး နိုင်ငံတည်ဆောက်ရေးတွင် ကိုယ့်အယူအဆ၊ ကိုယ့် သဘောထားကို ရှေ့တန်းတင်ခဲ့ကြသည့်အတွက် မြန်မာ့အရေး မှာ မလှပခဲ့ဟုဆိုနိုင်သည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံတွင် ဦးနှောက်ယိုစီးမှု (Brain Drain) ပြဿနာများဖြစ်လာခဲ့၏။ သက်ရှိများ၏ သဘာဝအရ ရေကြည်ရာ မြက်နုရာရှာကြသည်မှာ ဓမ္မတာသာဖြစ်၏။

ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ဇာတိချက်ကြွေ ဒေသသည် ရေကြည်ရာ မြက်နုရာဒေသဖြစ်ပါက ပစ်သွားရိုး ထုံးစံမရှိကြပါ။ ရေကြည်ရာမြက်နုရာ မဟုတ်ရင်တောင်မှ တော်ရုံတန်ရုံဆိုလျှင်ပင် သည်းခံ နေထိုင်နိုင်ကြပေသည်။

မည်သို့ပင်ဆိုစေ၊ ကမ္ဘာနှင့်အဝန်း နိုင်ငံတော်တော်များ များတွင် ဤပြဿနာရှိကြ၏။ အထူးသဖြင့်ဆင်းရဲသော နိုင်ငံများ နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရှိကြ၏။

ဤပြဿနာကိုမည်ကဲ့သို့ကုစားမည်နည်း။ ဤပြဿနာ ကို ကုစားနိုင်ပါက အားသာချက်အဖြစ် ပြောင်းလဲနိုင်ပေ သည်။

တရုတ်နိုင်ငံသည် ကွန်မြူနစ်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်ကို အားလုံးအသိပင်ဖြစ်၏။ ဤပြဿနာကိုလည်း ကြီးကြီးမားမား ရင်ဆိုင်ခဲ့ရပေသည်။ သို့သော် အတိုင်းအတာ တစ်ခုအထိ ကုစားနိုင်ခဲ့၏။

ထို့အတွက်ကြောင့်ပင်လျှင် နှစ်တိုတို အတွင်းမှာပင် တိုးတက်လာခဲ့ခြင်းဖြစ်၏။ လေ့လာမိသလောက် တရုတ်တို့၏ သဘောထားမှာ နိုင်ငံကိုမကြည့်ဘဲ မျိုးရင်းကိုကြည့်သော မူဝါဒချမှတ်ထား၏။

ပြည်ပရောက်နေသော သူများကို ထိုက်သင့်သော ဖြေလျှော့မှုပေး၍ တိုင်းပြည်ကို ပြန်လာစေကာ တိုင်းပြည်ကြီးပွားတိုးတက်ရေးတွင် ပါဝင်စေ၏။ တိုင်းပြည်ကို ပြန်မလာနိုင်သူများကိုပင်လျှင် နေရာဒေသ အသီးသီးတွင် ပြည်ပရောက် တရုတ်အမျိုးသားများဟူ၍ အသင်းအဖွဲ့များ ဖွဲ့စည်းထား၏။ ထိုအသင်းအဖွဲ့များကို သမ္မတကိုယ်တိုင်ကပင်လျှင် အလေးထား တွေ့ဆုံချီးမြှောက်သည်ကို မကြာခဏ သတင်းများတွင်တွေ့ရ၏။

တန်ဖိုးထားမှုပေါ်တွင် မူတည်ပြီး တန်ဖိုးရှိလာသည်မှာ ဓမ္မတာပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆိုရှယ်လစ်အစိုးရလက်ထက်၌ ဤပြဿနာကို တစ်ခါကုစားဖူး၏။ ကြေညာချက်အမှတ် (၂/၈၀) ဖြင့် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ပြုခဲ့၏။ ပြည်ပရောက်မြန်မာလူမျိုးများ နိုင်ငံသားအဖြစ် ပြန်လည်ခံစားခွင့် ပြုခြင်းပင်ဖြစ်၏။

ထို့ကြောင့်ပင် ဝန်ကြီးချုပ်ဟောင်းဦးနုနှင့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်တို့ မြန်မာနိုင်ငံကို ပြန်လာခွင့်ရရှိခဲ့ကြ၏။

သို့သော် သံသယအပေါ်မှာ အခြေခံခြင်း၊ တစ်ပါတီစနစ်၏ မူဝါဒနှင့် အာဏာချုပ်ကိုင် လွှမ်းမိုးမှုကို မကြိုက်ခြင်းကြောင့် အောင်မြင်မှုမရရှိခဲ့ပေ။

၁၉၈၈ အရေးအခင်းပြီးနောက်တွင် ပြည်ပသို့ ထွက်ခွာသွားသော မြန်မာများအတော်ပင် များပြားခဲ့၏။ မွေးခါစကလေးငယ်သည်ပင်လျှင် ယခုအချိန်၌ ဘွဲ့ရပညာတတ်ဖြစ်နေ လောက်ပြီဖြစ်၏။

တံခါးပိတ် မူဝါဒအရ နိုင်ငံခြား ပညာသင်ခွင့်နှင့် ပြည်ပဆက်သွယ်ခွင့် မရရှိခဲ့ခြင်းများကို ပြည်ပတွင် ရောက်ရှိနေသော သန်းချီနေသည့်မြန်မာများ မြန်မာနိုင်ငံသို့ ပြန်လာကြမည်ဆိုလျှင်၊ သို့တည်းမဟုတ် မြန်မာနိုင်ငံအတွင်းသို့ လွတ်လပ်စွာကူးလူး ဆက်ဆံသွားလာကြမည်ဆိုလျှင် အတန်အသင့် ကုစားနိုင်မည်ဟု ဆိုချင်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ပြီး တက်လာသော ယခုအစိုးရလက်ထက်တွင် ဤပြဿနာအား စတင်ကုစားနေသည်ကို တွေ့ရ၏။ သမ္မတကိုယ်တိုင်ပင်လျှင် ပြည်ပရောက်မြန်မာများပြန်လာနိုင်ရန် နှစ်ကြိမ်တိတိ ပြောပြီးပြီဖြစ်၏။

ကိစ္စရပ် တစ်ခုချင်းစီအပေါ်တွင်သာ စဉ်းစားမည်ဖြစ်ပြီး ဥပဒေဖြင့်သော်လည်းကောင်း၊ ကြေညာချက်ဖြင့်သော်လည်း

ကောင်း ကိုင်တွယ်နိုင်ခြင်း မရှိသေးသည်ကို တွေ့ရ၏။ ဤသည်မှာလည်း အတန်သင့် ချိန်ဆနေခြင်းသာ ဖြစ်မည်ဟု ခန့်ခန်းရ၏။

မည်သို့ပင်ဆိုစေ ကမ္ဘာ့အဝန်းတွင်ရှိသော မြန်မာများသည် နိုင်ငံရေးအရ ပဋိပက္ခဖြစ်နေသည်ကို ဘေးဖယ်ထားပြီး နိုင်ငံ ကြီးပွားတိုးတက်ရေးဟူသော ဘုံသဘောထားကိုသာထား၍ ဝိုင်းဝန်းကြိုးစားကြမည်ဆိုလျှင် မြန်မာ့အနာဂတ်အရေးအတွက် ကောင်းမွန်လိမ့်မည်ဟု ဆိုချင်သည်။

* * *

# အနာဂတ် မြန်မာ့အရေး (၈)

အနာဂတ်မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံ ဖြစ်လာမည်မှာ သေချာပါသည်။

ကမ္ဘာနှင့်အဝန်း ခေတ်တွေ၊ စနစ်တွေကလည်းတဖြည်းဖြည်းချင်း ပြောင်းလဲတိုးတက်နေသည်မှာ အထင်အရှားပင် ဖြစ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံသည်လည်း ပြောင်းလဲတိုးတက်လာလိမ့်မည်ဟု ခန့်မှန်းခြင်းဖြစ်၏။

သို့သော် ဒီမိုကရေစီသဘာဝနှင့် ဒီမိုကရေစီအမူအကျင့်များ ပီပြင်ခိုင်မာမှုအပေါ်တွင် အခြေတည်မည်ဖြစ်၍ အချိန်အတိုင်းအတာသည် ကျင့်သုံးမှုပေါ်တွင်သာ တည်၏။

ဒီမိုကရေစီစနစ် စတင်ကျင့်သုံးပေါ်ပေါက်လာပုံကိုပုဂ္ဂိုလ်တော်တော်များများက ရေးသားပြောပြထားပြီး ဖြစ်သည့် အတွက် အကျယ်မချဲ့လိုပါ။ ဒီမိုကရေစီ၏ အခြေခံအကျဆုံး အနှစ်သာရမှာ ခေါင်းဆောင်ရွေးချယ်ခြင်းသာဖြစ်၏။

ထိုအခြေခံမှစ၍ တစ်ဆင့်ခြင်း၊ တစ်ဆင့်ခြင်း တိုးတက်ပြောင်းလဲလာခဲ့ခြင်းဖြစ်သည်။ ဤနေရာတွင် "ခေါင်းဆောင်မည်သို့ ရွေးချယ်မည်နည်း" ဆိုသည်မှာလည်း အရေးပါ၏။

ဒီမိုကရေစီကျင့်သုံးသောနိုင်ငံများ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူကြသည်မှာ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ဒေသ၊ ကိုယ့်စရိုက်နှင့် ကိုက်ညီသည့်ပုံစံဖြင့် ခေါင်းဆောင်ရွေးချယ်မှုပေါ်တွင် အခြေခံ၏။

ထိုအပေါ်တွင်မူတည်ပြီး ကျင့်သုံးသည့် ပုံစံမှာလည်း ကွဲ ပြားခြားနားလာခြင်းဖြစ်၏။

သို့သော် ဒီမိုကရေစီနိုင်ငံတိုင်းတွင် တူညီသော အခြေခံအချက်များ (common ground) ကို တန်ဖိုးထား၏။ အဓိကမှာ လူထု၏ သဘောထားနှင့် လူ့အခွင့်အရေး လေးစားတန်ဖိုးထားခြင်း၊ မိမိ၏ဆောင်ရွက်ချက်ကြောင့် သူတစ်ပါးမထိခိုက် မနစ်နာစေခြင်းများသာ ဖြစ်၏။

ဤ common ground ပီပြင်လာသည်နှင့်အမျှ ဒီမိုကရေစီစနစ် ပိုမိုအောင်မြင်ဖြစ်ထွန်းလာပြီး အေးချမ်းသာယာသောလူ့အဖွဲ့အစည်းတစ်ခုအဖြစ်သို့ ရောက်ရှိမည်ဖြစ်၏။ အင်မတန်မှ အရေးကြီးလှပေသည်။

အမှန်တကယ် ကျင့်သုံးရမည့် သူများမှာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာများကို ကိုင်တွယ် ဦးဆောင်နေသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် နိုင်ငံရေးပါတီများသာလျှင် မဟုတ်ကြပါ။

လှည်းနေ့၊ လေ့အောင်း၊ မြင်းဇောင်းမကျန် ထိုနိုင်ငံ၊ ထိုစနစ်တွင် မှီတင်းနေထိုင်ကြသော ပုဂ္ဂိုလ်အားလုံးတွင် တာဝန်ရှိပေသည်။ ထိုမှသာလျှင် ဒီမိုကရေစီစနစ် အောင်မြင်လာမည် ဖြစ်၏။

စစ်မှန်သော ဒီမိုကရေစီစနစ် (Liberal Demo cracy) ကို မြန်မြန်ရောက်ရှိလိုလျှင် ကိုယ်တိုင်ပင် အသားကျအောင် ကျင့်သုံးသင့်၏။

အသားကျအောင် ကျင့်သုံးရာတွင် အရေးကြီးသည်မှာ Rule and Regulation သည် အရေးကြီး၏။ ခိုင်မာမျှတသော ဥပဒေရှိဖို့ လိုသကဲ့သို့ ကျင့်သုံးကြသူများကလည်း ထိုဘောင် အတွင်းမှာ ရှိဖို့လို၏။

မြန်မာနိုင်ငံသည် ယခုအချိန်၌ ဒီမိုကရေစီ အသားမကျသေး၊ အသားမကျသေးဆိုခြင်းထက် စတင်ကျင့်သုံးနေသည်မှာ မွေးကင်းစအလွန် တစ်နှစ်သားကျော်သာ ရှိပေသေးသည်။ ထို့အတွက် အားလုံးတွင်တာဝန်ရှိ၏။

ဦးဆောင်သူကလည်း ဦးဆောင်သူအလျောက်၊ နောက်ကလိုက်ရမည့် သူကလည်း နောက်ကလိုက်ရမည့်အလျောက် အပြန်အလှန်တန်ဖိုးထားဖို့လိုသည်။

သို့မှသာ ဒီမိုကရေစီအသားကျအောင် ဖန်တီးရာတွင် အခုအခံနည်းပါးစွာဖြင့် အေးချမ်းစွာ ဖြတ်သန်းနိုင်မည်ဖြစ်၏။

ယခုရက်ပိုင်းအတွင်း ဖြစ်ပွားလျက်ရှိသော ဆန္ဒပြမှု

**မြန်မာနိုင်ငံသည် ယခုအချိန်၌ ဒီမိုကရေစီ**
**အသားမကျသေး၊ အသားမကျသေး ဆိုခြင်းထက်**
**စတင်ကျင့်သုံးနေသည်မှာ မွေးကင်းစအလွန်**
**တစ်နှစ်သားကျော်သာရှိပေသေးသည်။**
**ထို့အတွက် အားလုံးတွင် တာဝန်ရှိ၏။**
**ဦးဆောင်သူကလည်း ဦးဆောင်သူအလျောက်၊**
**နောက်က လိုက်ရမည့်သူကလည်း**
**နောက်ကလိုက်ရမည့်အလျောက်**

ခေါင်းစဉ်များမှာ မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာနှင့်အဝန်း ဖြစ်ပွားလျက်ရှိသော မထူးဆန်းသည့် ကိစ္စများသာဖြစ်၏။

၁၉၇၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အလုပ်သမားအရေး အခင်းဖြစ်ခဲ့ဖူး၏။ ထိုစဉ်ကလည်း စရိတ်စက ကြီးမြင့်လာပြီး လစာနှင့် ထွက်ငွေမမျှတ မလောက်ငသည့်အတွက် မြစ်ငယ်၊ ရွာထောင်၊ မီးရထားစက်ခေါင်းရုံမှ စတင်ခဲ့ပြီး တစ်နိုင်ငံလုံးသို့ ကူးစက်ခြင်းဖြစ်ခဲ့၏။

ဆိုရှယ်လစ်စနစ် ဖြစ်သည့်အတွက် ပြဿနာမှာ အလုပ်သမားနှင့်အစိုးရတိုက်ရိုက်ပတ်သက်၏။ အစိုးရအနေဖြင့် သာမန် ပြည်သူလူထုနှင့် အလုပ်သမားကြား ချိန်ဆနေရသည့်အတွက်

အလုပ်သမားများ၏ လိုလားချက်ကို ချက်ချင်း ဖြေရှင်းမပေးနိုင်ခဲ့။ ထို့ကြောင့် အရေးအခင်းသဖွယ် ဖြစ်ပွားခဲ့ခြင်းဖြစ်၏။

ယခု ဖြစ်ပွားလျက်ရှိသော အလုပ်ရှင်၊ အလုပ်သမား ပြဿနာမှာလည်း ဤပုံစံပင်ဖြစ်၏။ သို့သော် အစိုးရနှင့် တိုက်ရိုက်မပတ်သက်။ အလုပ်ရှင်နှင့် အလုပ်သမားသာလျှင် အဓိက ဖြစ်၏။ အစိုးရမှာ Rule and Regulation ကိုညှိနှိုင်း ထိန်းသိမ်းပေးရန်တာဝန်ရှိ၏။ မည်သည့်ဘက်ကိုလိုက်မည်နည်း။အင်မတန်မှ အရေးကြီးလှပေသည်။

သေချာပြန်တွေးကြည့်ပါက ဤစက်ရုံများ မရှိလျှင် အလုပ်သမား မရှိနိုင်။ အလုပ်သမားမရှိလျှင်လည်း ဤစက်ရုံများ မအောင်မြင်နိုင်။ ဤစက်ရုံများ မအောင်မြင်ပါကလည်း နိုင်ငံသည် ကြီးပွားတိုးတက်နိုင်စရာမရှိ။

သို့ဖြစ်၍ သုံးပွင့်ဆိုင် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီသာ ဖြစ်၏။ မည်သို့ဖြေရှင်းမည်နည်း။ အဓိကမှာအပြန်အလှန်တန်ဖိုးထားခြင်း နှင့် ဒီမိုကရေစီ common ground ကို မမေ့သင့်ပေ။

ဒီမိုကရေစီဖွံ့ဖြိုးပြီး နိုင်ငံများတွင် ဆန္ဒပြမှုသည် ဆန္ဒပြရုံသက်သက်ကိုသာ အဓိကထား၏။ နိုင်ငံရေးထိုးနှက်ချက် အဖြစ်ရှေးရှုခြင်းသည် အင်မတန်မှနည်းပါး၏။

ဆန္ဒပြခြင်းသည် လိုလားချက်ကို ပြသခြင်းသာ ဖြစ်သင့်၏။ ထို့အတူ ထိုလိုလားချက်ကိုလည်း တာဝန်ရှိသူများက တန်ဖိုးထား ဖြေရှင်းပေးသင့်၏။

အုပ်ချုပ်သူမကြိုက်၍ ဆင်းပေးစေလိုလျှင်ပင် ဆန္ဒပြခွင့်ရှိ၏။ သို့သော် ပြုတ်ကျသည်အထိအကျပ်အတည်း ဖြစ်စေသည်အထိတော့ ရှေးမရှုသင့်။

ဒီမိုကရေစီနိုင်ငံကြီးများတွင် အလိုမရှိကြောင်း အဆိုကို မဲခွဲဆုံးဖြတ်ရန် အုပ်ချုပ်သူကိုယ်တိုင် လွှတ်တော်သို့တင်၍ မဲခွဲဆုံးဖြတ်မှုကို ခံယူ၏။ ဒါသည်ပင် အပြန်အလှန် တန်ဖိုးထားခြင်း မည်၏။

အပြန်အလှန် တန်ဖိုးမထားတတ်ကြဘဲ ထိုးနှက်ချက်တစ်ခုအဖြစ်ယူဆ၍ တုံ့ပြန်မည်ဆိုသည့် သဘောထားများဖြင့် ဆောင်ရွက်ကြမည်ဆိုလျှင် ဒီမိုကရေစီသည် ဝေးပါဦးမည်ဟု ဆိုချင်ပါသည်။

Rule and Regulation နှင့် ဒီမိုကရေစီ common ground ကိုလေးစားလိုက်နာခြင်းသည် အနာဂတ်မြန်မာ့အရေး အတွက် ကောင်းမွန်မည်ဟု ဆိုချင်သည်။

✕ ✕ ✕

## အနာဂတ်မြန်မာ့အရေး (၉)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံ အဖြစ်သို့ ရောက်လိုလျှင် လက်နက်ကိုင်လမ်းစဉ်နှင့် လက်နက်ကိုင်တိုက်ပွဲဝင်ခြင်းများသည်လည်း အဟန့်အတား တစ်ခုသာဖြစ်၏။

လူ့ဘောင်လောကကို သေချာ လေ့လာကြည့်လျှင် အာဏာကို ရှေးရှုသောနိုင်ငံသည် အာဏာကြောင့် အငြင်းအခုံ ဖြစ်နေကြ၍ အေးချမ်းသာယာသော နိုင်ငံသို့ ဦးမတည်နိုင်ပေ။

လူမျိုးစုများပြီး ကိုယ့်လူမျိုးစု၏ အရေးကိုသာ ရှေးရှုကြသော နိုင်ငံများသည်လည်း လူမျိုးရေးအငြင်းအခုံအပေါ် ရှေးရှုနေကြသဖြင့်လည်း အေးချမ်းသာယာသော လူ့ဘောင် တစ်ခုတည်ဆောက်နိုင်မည် မဟုတ်ပေ။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဝါဒရေးကြောင့် လက်နက်ကိုင်တိုက်ပွဲဝင်ခြင်းထက် လူမျိုးရေး၊ ဘာသာရေးအရ လက်နက်ကိုင်

တိုက်ပွဲဝင်ခြင်းများသာ အများဆုံးဖြစ်သည်ကို တွေ့မြင်နိုင်မည်ဖြစ်၏။

ဒေသတစ်ခုအတွင်း၌သော်လည်းကောင်း၊ နိုင်ငံအဝန်းအဝိုင်းတစ်ခုအတွင်း၌သော် လည်းကောင်း၊ လူမျိုးရေးကို ရှေးရှုလွန်းပါက ထိုဒေသသည် မည်သည့်အခါမျှ တည်ငြိမ်အေးချမ်းမှု ရရှိနိုင်မည် မဟုတ်ပါ။

မည်သို့ပင်ဆိုစေ၊ နေရာဒေသ တစ်ခုတွင် သမိုင်းကြောင်းအရသော်လည်း ဆင်းသက်လာသည့် လူမျိုးစုသဘာဝအရသော် လည်းကောင်း အတူတကွ နေထိုင်ခဲ့ကြပြီးပြီ။ ဆက်လက်၍လည်း နေထိုင်ကြရမည်ဆိုလျှင်တော့ အပြန်အလှန်နားလည်မှုသည် အရေးကြီး၏။

များသောအားဖြင့် ဖြစ်လေ့ဖြစ်ထရှိသည့် သဘာဝမှာ လူမျိုးစုကြီးနှင့် လူမျိုးစုငယ်များကြားတွင်ရှိသော မယုံကြည်မှုနှင့် အပြန်အလှန်နားလည်မှု မရှိခြင်းသာဖြစ်၏။

ထိုသဘာဝသည် လူသားမျိုးနွယ်ရှိနေသမျှ ကာလပတ်လုံးရှိနေလိမ့်ဦးမည်သာဖြစ်၏။

" သူ မှားတယ်၊ ငါမှန်တယ်။ ငါ့ကို အနိုင်ကျင့်တယ်။ ငါက စေတနာထားတာကို နားမလည်ဘူး" စသည်ဖြင့် ကိုယ့်ဘက်ကိုယ်ယက်ပြီး ငြင်းခုံနေကြမည်၊ ကိုယ့်အာဘောကိုယ်တည်ဆောက်နေကြမည်၊ အပြန်အလှန် စွပ်စွဲသတ်ပုတ်နေကြမည်ဆိုလျှင် ထိုနိုင်ငံသည် မကြီးပွားနိုင်ပေ။

မိမိနိုင်ငံ အေးချမ်းသာယာပြီး ကြီးပွားတိုးတက်လိုလျှင် ကိုယ့်အမြင်ထက် သူ့အမြင်ကို ဦးစားပေးသင့်သည်။ ကိုယ့်ဆန္ဒထက်သူ့ဆန္ဒကို အလေးထားသင့်သည်။ ထို့ထက်ပိုရမည်ဆိုလျှင်တော့ ' သူ ' 'ငါ' ကို အခြေမပြုပဲ ' အားလုံး' ကို အခြေပြုသင့်၏။

လူသားတိုင်းတွင် ကိုယ့်မျိုးနွယ်ကို တန်ဖိုးထားတတ်ကြသည်မှာ ဓမ္မတာတစ်ခုဖြစ်၏။ ထိုသို့ တန်ဖိုးထားခြင်းသည်လည်းကောင်းမွန်ပါ၏။ သို့သော် လူမျိုးစွဲအမြင် ကျဉ်းမြောင်းသည်အထိတော့ မဖြစ်သင့်ပေ။

လူမျိုးစု အချင်းချင်း ပြဿနာများတွင် အကြီးအသေးသည် ခေါင်းဆောင်ပေါ်တွင် ရာခိုင်နှုန်း တော်တော်များများတည်၏။

ခေါင်းဆောင်သည် အကောင်းမြင်ဝါဒရှိပါက ထိုလူမျိုးစုသည် လုံခြုံ၏။ အေးချမ်း၏။ ချစ်ခင်သူပေါ၏။ ကမ္ဘာ့အလယ်တွင် တင့်တယ်၏။

အကောင်းမြင်ဝါဒဆိုသည်မှာ အနိုင်ကျင့် ခံတတ်သည့်စိတ်ထားကို ဆိုလိုခြင်း မဟုတ်သည်ကိုတော့ ရှင်းပြစရာလိုမည်မထင်ပါ။

ပြဿနာတစ်ခုကို ရှုမြင်ရာတွင် မှန်မှန်ကန်ကန်မြင်တတ်သကဲ့သို့ ဖြေရှင်းရာတွင်လည်း ပြဿနာ နည်းပါးစွာဖြင့်ဖြေရှင်းတတ်ပါမှ ထိုလူမျိုးသည် တင့်တယ်၏။

တစ်ချို့ လူမျိုးစု ပြဿနာ တော်တော်များများသည် သာမန်၊ ပြည်သူလူထုက စတင်ခဲ့ခြင်း မဟုတ်ဘဲ ခေါင်းဆောင်များ၏ အာဏာစက် တည်တံ့မှုအပေါ်တွင် များစွာအခြေခံသည်ကိုလေ့လာတွေ့ရှိရ၏။

ထိုပြဿနာကို မည်သို့ ဖြေရှင်းမည်နည်း။ အင်မတန်ကိုင်တွယ်ရ ခက်ခဲသောပြဿနာဖြစ်၏။

မြန်မာနိုင်ငံတွင် ထိုပြဿနာသည် ယခုထက်တိုင်ပင် ဖြေရှင်း၍ မရသေးပေ။ လွတ်လပ်ရေး မရခင်ကာလကို ဘေးဖယ်ထားပြီး လွတ်လပ်ရေးရခါစ မြန်မာနိုင်ငံအနေဖြင့် စတင်ရေတွက် ကြည့်မည်ဆိုလျှင် နှစ်ပေါင်း ၆၄ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်၏။

ထိုစဉ်က မွေးဖွားခဲ့သူများသည် ယခုအခါတွင် အဘိုးအဘွားအရွယ်ပင် ရှိကြပြီဖြစ်၏။ အဘိုး အဘွား အရွယ်များရန်ဖြစ်ကောင်းရုံတင်မကဘဲ သားစဉ်မြေးဆက်ပါ ဆက်ပြီးရန်ဖြစ်နေကြမည်ဆိုလျှင် မြန်မာနိုင်ငံသည် မည်သို့မျှမကြီးပွားနိုင်။

အမုန်းတရားထက် ချစ်ခြင်းမေတ္တာဖြင့် လေးစားတန်ဖိုးထားတတ်သည့် အလေ့အထကို ရစေချင်၏။ အတုယူစေချင်၏။ မျိုးစေ့ချပေးစေချင်၏။

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော လက်နက်ကိုင်လမ်းစဉ်များနှင့် လက်နက်ကိုင် တိုက်ပွဲများသည် အဓိကအားဖြင့် သာမန်လူထုအပေါ်တွင် အခြေမခံပေ။

ကချင်လူမျိုးသည် ရန်ကုန်မြို့တွင်သာမက မြန်မာနိုင်ငံ အနှံ့တွင်ရှိ၏။ ထို့အတူ ကရင်လူမျိုးသည်လည်း မြစ်ကြီးနားတွင် ရှိ၏။ အားလုံးသည် နိုင်ငံသားများသာဖြစ်ကြ၏။ မြန်မာမျိုးရင်း များသာ ဖြစ်၏။

ကချင်–ဗမာ၊ ဗမာ–ကချင် စသည့် နိုင်ငံသားများ လည်းရှိကိုသတ်၍ မကုန်လောက်အောင်ပင် ပေါ်များ၏။

ဆိုလိုသည်မှာ မြန်မာနိုင်ငံတွင် သာမန်လူထု၌ လူမျိုး ခွဲခြားသည့် ဓလေ့နှင့် ထုံးတမ်းစဉ်လာ ကြီးမားစွာ မရှိကြပါ။ ဖွဲ့စည်းပုံအရလည်း နိုင်ငံသားအခွင့်အရေးတန်းတူသာ ဖြစ်၏။

အမျိုးသား ပြန်လည်သင့်မြတ်ရေးဟုဆိုရာတွင် သာမန် လူထုတွင် ထိုပြဿနာမရှိပါ။ ပြည်နယ်ဒေသများတွင် ဗမာဟူ၍ အသားလွတ် မုန်းတီးသူမရှိသကဲ့သို့၊ ဗမာများပေါ်များရာ ဒေသ တွင်လည်း လူမျိုးစုငယ်ဟူ၍ အသားလွတ်မုန်းတီးနှိမ့်ချ ဆက်ဆံ ခြင်းမျိုးလည်း မရှိကြပါ။

ဤသို့ဆိုလျှင် ပြဿနာသည် မည်သည့်အပေါ်၌အခြေခံ သနည်း။ ကိုယ်ပိုင်အယူအဆအရ ပြောရမည်ဆိုလျှင် ခေါင်း ဆောင်များပေါ်တွင်သာ အခြေခံသည်ဟုဆိုချင်သည်။

ခေါင်းဆောင်များ အနေဖြင့် ထိုက်သင့်သလို ကိုင်တွယ် ကျင့်သုံးလမ်းညွှန်ကြမည်ဆိုလျှင် ထိုပြဿနာများသည် ပြေလည် သွားပေလိမ့်မည်။

ယခုကာလ မြန်မာနိုင်ငံသည် ဝါဒရေးကို အခြေမခံဘဲ

ဒီမိုကရေစီအရေးကိုသာ ရှေးရှုနေပြီဖြစ်၏။ စတင်ကျင့်သုံးနေဆဲ ကာလဖြစ်သည့်အတွက် ထိုက်သင့်သည့် သံသယတော့ ကျန်ရှိနေဦးမည်ဖြစ်၏။ သို့သော် လက်နက်ကိုင် တိုက်ပွဲများသည် မရှိသင့်တော့ပေ။

လက်နက်ကိုင် လမ်းစဉ်နှင့်လက်နက်စွဲကိုင်တိုက်ပွဲဝင်ခြင်းနည်းလမ်းများ ဆိတ်သုဉ်းသွားမှသာလျှင် အနာဂတ်မြန်မာ့အရေးသည် အေးချမ်းသာယာလိမ့်မည်ဟု ဆိုချင်သည်။

## အနာဂတ် မြန်မာ့အရေး (၁၀)

မြန်မာနိုင်ငံ၏ အနာဂတ်အရေးသည် အင်မတန်မှ ရင်လေးစရာကောင်းလှပေသည်။ ဒီမိုကရေစီစနစ်ကိုစတင် ဦးတည်နေသည့် နုနယ်သေးသော ကာလအတွင်းမှာပင် ပြဿနာပေါင်းသောင်းခြောက်ထောင်နှင့် ကြုံတွေ့နေရ၏။

လူရှိနေသမျှ လူနှင့်လူ့ပတ်ဝန်းကျင်ရှိနေမည်မှာသေချာလှပေသည်။ ပြဿနာသည် စိုးရိမ်စရာ၊ ကြောက်စရာတစ်ခုတော့ဖြင့် မဟုတ်ပါ။

မှန်ကန်စွာ ဖြေရှင်းနိုင်လျှင် အတွေ့အကြုံကောင်းများရနိုင်သကဲ့သို့ ပြဿနာကတစ်ဆင့် ရင်းနှီးစည်းလုံးမှုမျိုးလည်း ရနိုင်သည်။

သို့သော် မှန်ကန်စွာ မဖြေရှင်းနိုင်ပါက ပြဿနာသည် ပိုမိုကြီးထွားတတ်ပေသည်။ ထို့ကြောင့်ပင် 'အမှိုက်ကစ ပြာသဒ်မီးလောင်'ဆိုသည့် စကားရှိခဲ့ခြင်းပင်ဖြစ်သည်။

'ကြီးသည့်အမှု ငယ်စေ၊ ငယ်သည့်အမှု ပပျောက်စေ' ဆိုသည့် စကားလည်းရှိ၏။ အင်မတန်ကောင်းမွန်သော စကားရပ်ဖြစ်၏။ အကောင်းမြင်ဝါဒဖြင့် အမုန်းမပွားစေရန် မေတ္တာရှေ့ထား ဖြေရှင်းခြင်းသာဖြစ်၏။

စေတနာပါသော၊ တစ်ဖက်သားကို ဒုက္ခမရောက်စေလိုသော စိတ်ဖြင့် ဖြေရှင်းခြင်းဖြစ်သည့်အတွက် အပေါင်းကိုသာ ရှေးရှု၏။

သို့သော် ဦးဆောင် ဖြေရှင်းပေးမည့်သူ၏ ဩဇာသက်ရောက်မှုသည် လည်းကောင်း၊ ပြဿနာဖြစ်သူများ၏ အပြန်အလှန်သမိုင်းကြောင်း ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ အပေါ်တွင်သော် လည်းကောင်း၊ တစ်ဖက်သားအပေါ် ဒုက္ခမရောက်စေလိုသောခွင့်လွှတ်လိုစိတ်အပေါ်တွင်သော်လည်းကောင်း တည်သည့်အတွက် အပြောလွယ်သလောက် ဖြေရှင်းရခက်ခဲလှပေသည်။

ငယ်သည့်အမှု ကြီးစေ၊ ကြီးသည့်အမှု အကျိုးနည်းစေ ဆိုသည့် ပုံစံဖြင့်သာ ဖြေရှင်းမည်ဆိုပါက ပြောစရာလိုမည် မထင်ပေ။ အမှန်တကယ်ပင် အကျိုးနည်းမှာသေချာ၏။

မြန်မာနိုင်ငံတွင် တချို့သော ပြဿနာများသည် လွယ်လွယ်လေးဖြင့် ဖြေရှင်း၍ရသော်လည်း ပုံကြီးချဲ့လွန်းသည့်အတွက် ပြဿဒ်မီးလောင်သည့် ကိစ္စရပ်များ အင်မတန်မှ များပြားခဲ့သည်ကို သင်ခန်းစာ ယူသင့်၏။

အပြန်အလှန် ရန်ဖြစ်ခြင်းမှ အစပြု၍ နိုင်ငံရေး ပြောင်းလဲခဲ့သည့် သာဓကများလည်းရှိခဲ့၏။ သွေးဆူရာမှ အစပြုပြီး မုန်း တီးမှုများ၊ မကျေနပ်မှုများ ပေါက်ကွဲထွက်ပေါ်လာခဲ့သည့် သဘော ဖြစ်၏။

၁၉၈၈ ခုနှစ် အရေးအခင်းတွင် ထိုသဘောကို ထင်ထင်ရှားရှားတွေ့ရ၏။ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီတက်လာကတည်းကပင် လက်ဝဲလက်ယာ ဝါဒဖြန့်ယန္တရားနှင့် ဒေါင်လိုက် အာဏာစီးဆင်းမှုအပေါ် အခြေခံရာမှ ဆိုရှယ်လစ်စနစ်နှင့် အစိုးရကို မုန်းတီးမှု များပြားလာခဲ့ကြ၏။ ဤသည်မှာ အခြေခံ အကြောင်း ရင်းတစ်ခုဖြစ်၏။

၁၉၈၈ ခုနှစ်၊ မတ်လဆန်းတွင် ထိုစဉ်က RIT မှ ကျောင်းသားတစ်ချို့နှင့် ကြို့ကုန်းရပ်ကွက်မှ အရပ်သား လူငယ်တချို့ခိုက်ရန်ဖြစ်ပွားခဲ့၏။ အပြန်အလှန်ဖြစ်ရာမှ တဖြည်းဖြည်းချင်း တစ်ဖက်နှင့် တစ်ဖက်အုပ်စု အင်အားကြီးထွားလာခဲ့ပြီး ရှုန်းရင်းဆန်ခတ်ဖြစ်သည့် အခြေအနေဖြစ်လာခဲ့၏။

သွေးဆူပေါက်ကွဲနေချိန်တွင် တည်ငြိမ်အေးချမ်းစေရန် ဖြိုခွဲထိန်းသိမ်းရာမှတစ်ဆင့်ပြဿနာသည် ပိုမိုကြီးထွားလာခဲ့၏။

တဖြည်းဖြည်းချင်း နိုင်ငံရေးပယောဂများ ကူးစက်လာခဲ့ပြီး ဆိုရှယ်လစ်အစိုးရအပေါ် လက်ဝဲလက်ယာ နှစ်ဖက်ညှပ်တိုက်သည့် အမြင့်မားဆုံးဆိုးရွားသည့် အခြေအနေ(Critical point) ကို ရောက်ရှိလာခဲ့၏။

စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးအပေါ် အစည်းအဝေးတွင် ထိုစဉ်က သမ္မတဖြစ်သော ဒေါက်တာမောင်မောင်က ''ဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြီး ပါတီစုံစနစ်ကို ပြောင်းပေးမည်။ သုံးလ စောင့်ပါ။ ထိုအတော အတွင်း ပါတီများ ဖွဲ့စည်းကြပါ။ ရွေးကောက်ပွဲ လုပ်ပေးမည်'' ဟူ၍ တရားဝင် မိန့်ခွန်းပြောကြားခဲ့သော်လည်း ယုံကြည်မှုမရှိခြင်း၊ သွေးဆူနေခြင်းများကြောင့် ခုခံမှုအနည်းဆုံးဖြင့် ဥပဒေနှင့်အညီ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲရမည့် အခြေအနေတစ်ရပ် ဆုံးရှုံးခဲ့ရပေသည်။

ယခုတစ်လော မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အခြေအနေများသည် ဖြစ်ရိုးဖြစ်စဉ် ပြဿနာများသာဖြစ်၏။ အလုပ်ရှင်နှင့် အလုပ်သမား ပြဿနာ၊ လျှပ်စစ်မီး လုံလောက်စွာ မရှိခြင်း ပြဿနာနှင့် မြန်မာ–မွတ်စလင်ပြဿနာများကို ဆိုလို၏။

ထိုပြဿနာများသည် ယခုမှ အသစ်အဆန်း ဖြစ်လာသည်မဟုတ်ပါ။ မကြာခဏ ဖြစ်လေ့ဖြစ်ထရှိသော ပြဿနာများသာဖြစ်၏။

အစိုးရနှင့် တိုက်ရိုက်သက်ဆိုင်သည်မှာ လျှပ်စစ်မီးလုံလောက်စွာမရရှိခြင်း ပြဿနာသာဖြစ်၏။ အစိုးရမှသိရှိပြီ၊ ဖြေရှင်းမပေးလျှင် ဥပဒေနှင့်အညီလွှတ်တော်တွင် အလိုမရှိကြောင်း အဆိုတင်သွင်းသင့်၏။ အခုရေတွင်းတူး၊ ခုရေကြည်သောက်၍ မရသကဲ့သို့ ဖြေရှင်းပေးနိုင်ရန် ထိုက်သင့်သည့်အချိန်တော့ပေးသင့်၏။ အစိုးရအနေဖြင့် တာဝန်မဲ့လျှင် အစိုးရ၏ တာဝန်သာဖြစ်၏။

တာဝန်ယူ ဖြေရှင်းမပေးလျှင် ဒီမိုကရေစီစနစ် ဖြစ်သည့်အတွက် ယခုမဆင်းပေးပါက နောင်ရွေးကောက်ပွဲ၌ မဲမပေးရုံသာရှိ၏။ ဒီထက်ပိုပြီး ပြဿနာမရှာသင့်ပေ။

အလုပ်ရှင်နှင့် အလုပ်သမား ပြဿနာသည်လည်း Rule and Regulation နှင့် အပြန်အလှန် တန်ဖိုးထားခြင်းသည်သာ အဓိကဖြစ်၏။ ထို့ထက်ပို၍ ဘာမျှတတ်နိုင်မည်မဟုတ်ပေ။

မြန်မာ–မွတ်စလင် ပြဿနာသည် မကြာခဏဖြစ်ပွားလေ့ရှိသော ပြဿနာဖြစ်၏။ လူမျိုးရေး၊ ဘာသာရေးကို အခြေခံသည့်အတွက် ၎င်းပြဿနာသည် အသေးအမွှားမဟုတ်ပါ။ အသိကြွယ်ကြွယ်၊ အမျှော်အမြင် ကြီးကြီးဖြင့် ဖြေရှင်းပေးသင့်သည့် ပြဿနာသာဖြစ်၏။

တိုင်းရင်းသား အမြင်ဖြင့်ကြည့်လျှင် အဓိပ္ပာယ်တစ်မျိုး၊ နိုင်ငံသားအမြင်ဖြင့်ကြည့်လျှင် အဓိပ္ပာယ်တစ်မျိုး ထွက်၏။

တာဝန်ရှိသူများအနေဖြင့်လည်း ပြဿနာကို ဖြေရှင်းရာ၌ နိုင်ငံသားသဘာဝနှင့် ကမ္ဘာ့လူ့အသိုင်းအဝိုင်း၏ အမြင်ဘောင်အတွင်းမှသာဖြေရှင်းရမည့် ကိစ္စဖြစ်သည့်အတွက်ပြည်သူလူထုသည် ဆန္ဒမစောသင့်ပေ။

လွတ်လပ်စွာ ကိုးကွယ်ခွင့်နှင့် နိုင်ငံသားတိုင်း တန်းတူအခွင့်အရေးရှိ၏။ ယုတ်မာ ရက်စက်သူကို ယုတ်မာရက်စက်သည့်အတိုင်းအတာပေါ်မူတည်၍ အပြစ်ပေးရန်ဥပဒေရှိ၏။

မြန်မာနိုင်ငံတွင် ပြစ်မှုဆိုင်ရာ ဥပဒေအရသော်လည်း

ကောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရသော် လည်းကောင်း၊ ဗုဒ္ဓအဆုံးအမ အရသော်လည်းကောင်း ဖြေရှင်းနိုင်စရာ နည်းလမ်းများစွာ ရှိပေသည်။ An Eye for an Eye, a Tooth for a Tooth ဟူသော ''ဟာမူရာဘီကိုဓ'' ဥပဒေဖြင့် လက်တုံ့ပြန်သော နည်းဖြင့် ဖြေရှင်းဆုံးဖြတ်၍မရနိုင်ပေ။

သူကျူးလွန်ခြင်းသည် သူ့အပြစ်မှန်သော်လည်း ကိုယ်က ကိုယ်ထိလက်ရောက် လက်စားချေလျှင် ဥပဒေအရ ကိုယ့်အပြစ်ဖြစ်သွားပြီဖြစ်၏။ တာဝန်ရှိသူများ မည်သို့ကိုင်တွယ်ရမည်နည်း။ အင်မတန်မှ ခက်ခဲလှပေသည်။

ထို့ထက်ပို၍ အစိုးရအပေါ် မုန်းတီးစိတ်အရသော်လည်းကောင်း၊ ကိုယ့်ပါတီ၊ ကိုယ့်ပုံရိပ်အရ နိုင်ငံရေး အမြတ်ထွက်ရန် မြှောက် ထိုးပင့်ကော် လုပ်ပေးမည်ဆိုလျှင် ကြီးသည့်အမှုသည် အကျိုးနည်းမည်သာဖြစ်၏။

ထိုအကျင့်စရိုက်များ စွဲမသွားစေရန် Senior Citizen များက Junior citizen များကို သွန်သင်ဆုံးမပေးသင့်၏။ ဤနေရာတွင် မြန်မာ့နီတိသည် အရေးပါ၏။

''ကြီးသည့်အမှု ငယ်စေ၊ ငယ်သည့်အမှု ပပျောက်စေ'' ဆိုသည့် မြန်မာ့စိတ်ရင်းအတိုင်း ဒေါသရှေ့ထား မဖြေရှင်းလိုသည့်စိတ်နှင့် Rule and Regulation ကို လေးစားတန်ဖိုးထားသည့် စိတ်များကသာလျှင် အနာဂတ်မြန်မာ့အရေးကို သာယာစေလိမ့်မည်ထင်၏။

✠ ✠ ✠

## အနာဂတ် မြန်မာ့အရေး (၁၁)

အနာဂတ်မြန်မာ့အရေး သာယာလှပစေရန် သတင်းလုပ်ငန်း ဖွံ့ဖြိုးကြီးထွားလာရန်လည်း အင်မတန်မှ လိုအပ်ပေသည်။

သတင်းလုပ်ငန်း ဖွံ့ဖြိုးကြီးထွားမှုဆိုရာတွင် သတင်းလွတ်လပ်ခွင့်နှင့် သတင်းသမားများ၏ ဘက်လိုက်မှု(Bias)ကင်းရှင်းခိုင်မာခြင်းကို ဆိုလိုသည်။

ဖွံ့ဖြိုးပြီး နိုင်ငံများတွင် သတင်းလုပ်ငန်းနှင့် သတင်းယန္တရားသည် အင်မတန်မှဖွံ့ဖြိုးလှပေသည်။ ထိုသို့ ဖွံ့ဖြိုးသည့်အတွက်လည်း လူမှုဘဝ ပိုမိုကောင်းမွန်ခြင်းပင်ဖြစ်သည်။

သတင်းလုပ်ငန်းဖွံ့ဖြိုးလာသည်နှင့်အမျှ ပွင့်လင်းမြင်သာမှု(transparency)များပိုလာပေမည်။ ထိုသို့ ပွင့်လင်းမြင်သာမှုပိုလာသည်နှင့်အမျှ အပြန်အလှန် ထိန်းကျောင်းမှု ပိုမိုကောင်းမွန်လာပေမည်။ ခြစားမှုများလည်း တဖြည်းဖြည်း လျော့ပါးလာပေလိမ့်မည်။

ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ခြစားမှုကို နှိုင်းယှဉ်ပါက ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုသည်ကိုတွေ့ရမှာ အမှန်ပင်ဖြစ်၏။ အကြောင်းရင်းများစွာရှိသည့်အနက် သတင်းလုပ်ငန်း ဖွံ့ဖြိုးမှုသည် အကြောင်းအချက် တစ်ချက်အနေဖြင့် ယူ၍ရ၏။

သတင်းလုပ်ငန်းရပ်၏ သဘောသဘာဝမှာ ပေါင်းကူး ဆက်သွယ်ရေးပင်ဖြစ်၏။ အစိုးရသည် လည်းကောင်း၊ အဖွဲ့ အစည်းများသည်လည်းကောင်း၊ နိုင်ငံရေးသမားနှင့် နိုင်ငံရေး ပါတီများသည်လည်းကောင်း အစရှိသဖြင့်မည်သို့မည်ပုံ လုပ်ကိုင် ဖန်တီးနေသည်ကို လူထုကို အသိပေးခြင်းဖြစ်သလို လူထုဧရိယာ တွင် ဖြစ်ပျက်နေသည့် အခြေအနေ၊ လူထု၏ သဘောထား စသည်များကို သက်ဆိုင်သူများအား သိစေခြင်းပင်ဖြစ်သည်။

သတင်းလုပ်ငန်း ဖွံ့ဖြိုးမှုနှင့်အတူ ပွင့်လင်းမြင်သာမှု ကောင်းမွန် ပီပြင်လာသည်နှင့်အမျှ အာဏာသည် လူပုဂ္ဂိုလ်၊ အဖွဲ့ အစည်းပေါ်မှာ မတည်တော့ဘဲ Rule and Regulation ပေါ်မှာသာ တည်ပေတော့မည်။

Rule and Regulation ပေါ်တွင် အာဏာတည်လာ သည်နှင့်အမျှ Clean Government နှင့် Good Governance သည် ပို၍ပို၍ ပီပြင်လာပါလိမ့်မည်။ ဤသည်ကိုပင် စတုတ္ထ မဏ္ဍိုင်ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်ဟု နားလည်ခံယူထား၏။

သတင်းလုပ်ငန်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ စတုတ္ထ မဏ္ဍိုင်မပယိုင်မလဲ ရှိနေစေရန်မှာ သတင်းသမားများ၏ ကျင့်ဝတ် ပေါ်တွင် မူတည်၏။ အဓိကမှာ ဘက်မလိုက်ခြင်းသာဖြစ်၏။

သတင်း အတိမ်အနက်သည် သတင်း ရေးသူနှင့် သတင်းစာစောင်၏ မူဝါဒပေါ်တွင် အခြေခံ၏။ လိုတိုးပိုလျှော့ လုပ်၍လည်းရ၏။ ထို့ကြောင့်ပင်လျှင် ဘက်မလိုက်တတ်သည့် သဘာဝကို ကျိန်းသေပေါက်မွေးမြူရန် လိုအပ်၏။

မြန်မာနိုင်ငံ၏ သတင်းနှင့် စာနယ်ဇင်း လောကသည် လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်မှပင်စတင်ခဲ့၏။ ထိုစဉ်အချိန်က လွတ်လပ်ရေးရရှိစေရန် စာနယ်ဇင်းများ၏ အခန်းကဏ္ဍသည် လည်း ကြီးမားစွာအကျိုးပြုခဲ့၏။

သို့သော် စတုတ္ထမဏ္ဍိုင် အဖြစ်တော့ ရောက်ရှိခဲ့ခြင်း မရှိခဲ့။ မြန်မာ့လွတ်လပ်ရေးအတွက် တန်ဖိုးရှိလှပေမယ့် မြန်မာ သတင်းလောကအတွက် အဟန့်အတားတစ်ခု ဖြစ်ခဲ့ရပေသည်။

စာနယ်ဇင်းနယ်ပယ်မှ အင်္ဂလိပ်ကို တိုက်ခဲ့သော စရိုက် သည် လွတ်လပ်ရေးရပြီးသည်အထိပါလာခဲ့၏။

လက်ဝဲကိုသန်သူက လက်ဝဲအယူအဆနှင့်အဖွဲ့အစည်း ကို ရှေ့တန်းတင်၏။ လက်ယာအယူအဆကို သန်သူကလည်း ထူးမခြားနားသာ ကျင့်သုံး၏။

ထို့ထက်ပိုသည်က ပုဂ္ဂိုလ်ရေးဆည်းကပ်မှုနှင့်လက်နက် သဖွယ် အသုံးချမှုများသာဖြစ်၏။ ထိုအခြေအနေကို လွတ်လပ် ရေးရပြီးစ မြန်မာနိုင်ငံတွင် ထင်ထင်ရှားရှားတွေ့မြင်နိုင်၏။

အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်ရေး ရှေ့တန်းတင်ခဲ့သည့် ပြဿနာမှာ သေးသေးမွှားမွှား မဟုတ်ပေ။ ပြည်သူလူထုကို

ချဉ်းကပ်ပြီး ပြည်သူလူထု ဓရိယာကို အဓိကထား ချဉ်းကပ်ရခြင်းဖြစ်သည့်အတွက် ပြည်သူလူထုသည်လည်း အဖွဲ့ကွဲများဖြစ်လာ၏။ သန်ရာ၊ သန်ရာကို ယူလာခဲ့၏။

ဖဆပလလက်ထက် ဖဆပလ နှစ်ခြမ်းကွဲခဲ့သည်မှာ တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိဖြစ်၏။ သို့သော် လေ့လာဆန်းစစ်မှု မပြုနိုင်ဘဲ ဂရုမပြုနိုင်ခဲ့သည်မှာ စာနယ်ဇင်းလောက အယူအဆအကွဲအပြဲနှင့် ဘက်လိုက်တတ်သည့် သဘာဝအသက်ဝင်သွားခြင်းပင်ဖြစ်၏။ ထို့ပြင် မြန်မာနိုင်ငံ၏ စာပေစီးဆင်းရေးလမ်းကြောင်းတွင်လည်း လက်ဝဲလက်ယာ အယူအဆလမ်းကြောင်းနှစ်ကြောင်းရှိခဲ့သည်ကိုလည်း ထင်ရှားစွာတွေ့နိုင်၏။

လက်ဝဲသန်သူမှ ပေါက်ဖွားလာသော စာပေလမ်းကြောင်းသည် လက်ဝဲကိုသာ အခြေခံ၏။ လက်ယာလမ်းကြောင်းလိုက်သူ၏ လက်ရင်းတပည့်များသည်လည်း လက်ယာလှုံ့ဆော်ရေးကိုသာ အားသန်၏။ ဤသည်မှာလည်း ထူးဆန်းသည်ဟု မဆိုသာပေ။

သို့သော် အာဏာနှင့် အဖွဲ့အစည်း အားသာမှုအတွက် ဝါဒဖြန့်ယန္တရားအဖြစ် အသုံးချခဲ့သည်မှာ အင်မတန်မှ အန္တရာယ်ကြီးမားခဲ့၏။ မြေပေါ်မြေအောက် နှစ်ဖက်ညှပ်တိုက်ရန် မူဝါဒချမှတ်ခဲ့သည့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဝါဒဖြန့်ချိရေး ရည်ရွယ်ချက်ဖြင့် စာပေလောကအတွင်းသို့ စိမ့်ဝင်ခဲ့မှုများ၊ အသုံးချမှုများသည် မြန်မာနိုင်ငံ၏ စာပေလွတ်လပ်မှု လမ်းကြောင်းများထဲမှ အဟန့်အတားတစ်ခု ဖြစ်စေခဲ့၏။



Fold : 6 - A - BACK

ယခုအချိန်ထိ တိုင်အောင်ပင် မြန်မာ့စာပေလောက၌ ကွန်မြူနစ်ကြီးများ ထင်ထင်ရှားရှား ကျန်ရှိနေသေး၏။ လက်ရှိ နိုင်ငံရေး ပြောင်းလဲမှု အခြေအနေမှာပင် သတင်းဘက်လိုက်မှုနှင့် ဝါဒဖြန့် ယန္တရားအဖြစ် အသုံးချခြင်းရှိ မရှိလေ့လာ စောင့်ကြည့် လျှင်တွေ့နိုင်၏။

ထိုအခြေအနေများအပေါ်တွင် မူတည်၍ စာပေစိစစ်ရေး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ အကောင်းအဆိုး အမျိုးမျိုး ယူ၍ ရ၏။ မှားသည်၊ မှန်သည်ဟု မဝေဖန်လိုပါ။

ခေတ်စနစ်အရ၊ အခြေအနေအရ ပေါ်ပေါက်လာခဲ့ သည်မှာမှန်သော်လည်း စာပေလောကတွင် မူဝါဒတစ်ခုအပေါ်မှာ ရပ်တည်ခဲ့ရသည်ကိုတော့ ငြင်း၍မရနိုင်ပါ။

အစိုးရကိုသော် လည်းကောင်း၊ ပြိုင်ဘက်ပါတီကိုသော် လည်းကောင်း၊ ပြိုင်ဘက်နိုင်ငံရေးသမား အချင်းချင်းကို သော် လည်းကောင်း ကလောင်သွားဖြင့် တိုက်ခိုက်သည့်ပြဿနာတိုက် ရိုက်မကြုံတွေ့ရသော်လည်း စာပေစိစစ်ရေး ရှိနေခြင်းသည်ပင် လျှင် အစိုးရအဆက်ဆက်နှင့် ကိုင်တွယ်ခဲ့သူများ နာမည်ဆိုး ထွက်ခဲ့၏။

မူဝါဒနှင့်စေတနာ မှန်ပါလိမ့်မည်။ အမျိုးသားရေးကို ဦးတည်သော စာပေလောက ဖွံ့ဖြိုးလာရန် ကြံရွယ်ခဲ့သည်ကို လည်း ငြင်းစရာမရှိပါ။

သို့သော် အမျိုးသားရေးသည် မူတစ်ခု၊ စနစ်တစ်ခု

အနေဖြင့်တော့ ပုံသေယူ၍ မရနိုင်ပေ။ ဒီမိုကရေစီစနစ်ကို ကျင့်သုံး နေပြီ၊ ချဉ်းကပ်နေပြီဆိုလျှင် ပွင့်လင်းမြင်သာမှု (transp arency) ကို တန်ဖိုး ထားရမည်မှာ သေချာ၏။

ပွင့်လင်းမြင်သာမှု၏ အသက်မှာ သတင်းလုပ်ငန်း ဖွံ့ဖြိုးခြင်းပင်ဖြစ်၏။ သတင်းလုပ်ငန်း ဖွံ့ဖြိုးရန်အတွက် အဓိကမှာ တစ်ဖက်သို့ မယိမ်းခြင်း (Bias) မပါခြင်းသာဖြစ်၏။

သတင်းလုပ်ငန်း ဖွံ့ဖြိုးခြင်းသည်လည်း အနာဂတ်မြန်မာ့အရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သည်ဟု ဆိုနိုင်၏။

⌘ ⌘ ⌘

# အနာဂတ် မြန်မာ့အရေး (၁၂)

အနာဂတ်မြန်မာ့အရေး သာယာလှပစေရန် တာဝန်ယူတတ်သည့် အလေ့အကျင့်၊ အလေ့အထသည်လည်း အင်မတန်မှ အရေးကြီးလှပေသည်။

စစ်မှန်ပြည့်ဝသော ဒီမိုကရေစီကိုပဲ သွားသွား၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖြင့်ပဲ ချီတက်ချီတက် တာဝန်ယူတတ်မှု၊ တာဝန်ရှိသည်ဟု ခံယူတတ်သော စိတ်ထားတတ်မှုတို့သည် အဖွဲ့အစည်းကိုသော်လည်းကောင်း၊ နိုင်ငံကိုသော်လည်းကောင်းအတိုင်း အတာတစ်ခုအထိအောင်မြင်မှုကို ပေးစွမ်းနိုင်၏။

ကိုယ့်တာကိုယ်လုံဖို့၊ အင်မတန်မှအရေးကြီးလှသည်မှာ မည်သူမျှငြင်းနိုင်လိမ့်မည် မဟုတ်ပါ။

သူညံ့လို့၊ ငါညံ့လို့၊ သူ့ကြောင့်၊ ငါ့ကြောင့်ဟူ၍သာငြင်းခုံနေမည့်အစား ကိုယ့်တာ ကိုယ်လုံဖို့ကိုသာလျှင် ရှေးရှုပါက ပြဿနာ တော်တော်များများ နည်းပါးသွားပေလိမ့်မည်။

ကိုယ့်တာကိုယ်လုံဖို့ဆိုသည်မှာလည်း လွယ်ကူလှသည် တော့ မဟုတ်ပေ။ အသိပညာ၊ အလေ့အကျင့်ကောင်းနှင့် ဖြောင့် မတ်မှန်ကန်သော စိတ်ဓာတ်ရှိဖို့ လိုပါလိမ့်မည်။

'မကောင်းမေတ္တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင် စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်' ဆိုသည့် မိဘဝတ္တရား ငါးပါး။

'ကျေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှ ဝေ၍၊ စောင့်လေမျိုးနွယ်ဝတ်ငါးသွယ်' ဆိုသည့် သားသမီးဝတ္တရား ငါးပါးကျေပွန်သည့်မိသားစုတစ်စုတွင် ချမ်းသာကြွယ်ဝမှုနည်းပါး သော်လည်း စည်ပင်ဝပြောသည့် အခြေအနေကို ဆောင်သည်မှာ ထင်ရှားစွာ တွေ့ရပေလိမ့်မည်။

ထို့အတူပင် နေရာဌာနအလိုက် ဆရာနှင့်တပည့်၊ကြီးသူ နှင့်ငယ်သူ၊ လင်နှင့်မယား၊ ခေါင်းဆောင်နှင့်နောက်လိုက် အစရှိ သဖြင့် ဆက်ဆံရေးနှင့် တာဝန်အသီးသီးရှိလှပေသည်။

တာဝန်ကျေပွန်လျှင် ကျေပွန်သည့်အလျောက် လေးစား ကြည်ညိုမှုနှင့် အောင်မြင်မှုများရနိုင်သည်မှာ အထင်အရှားပင် ရှိပေသည်။

'မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟော ကျူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရ၊ မေတ္တာလည်းပြု ဤခြောက်ခု' ဆိုသည့် ကိုးကွယ်ရာ ရဟန်း၊ သံဃာတော်များ ဤတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါက ဆရာ့တာဝန် ကျေပွန်သလို

ဒါယကာ၊ ဒါယိကာမများကလည်း ကိုယ့်တာ ကိုယ်လုံပါက ဆရာ၊ ဒကာ ညီညွတ်စွာဖြင့် သာသနာသည် စည်ပင်ဝပြော၏။ တာဝန်ကျေပွန်ဖို့ဆိုရာတွင်လည်း သူ့စည်း၊ ကိုယ့်စည်း၊ လူစည်း၊ ဘီလူးစည်းဆိုသည်ကို နားလည်ဖို့လည်း လိုပေလိမ့်မည်။

သူ့တာဝန်သူလုပ်၊ ကိုယ့်တာဝန်ကိုယ်လုပ်၊ သူ့ကိစ္စသူရှင်း၊ ကိုယ့်ကိစ္စကိုယ့်ရှင်းဆိုသည့် သဘောကို ဆိုလိုခြင်းသက်သက်မဟုတ်ပါ။ အဖွဲ့အစည်းတစ်ခုအတွင်း၌ သူ့တာဝန်သူလုပ်ရမှာ မှန်သော်လည်း ပူးပေါင်းကူညီမှုသည်လည်း အရေးကြီးလှပေသည်။ သို့သော် ဝင်ရောက်စွက်ဖက်မှု ပြုခြင်းသည် အန္တရာယ်ကြီး၏။

ကိုယ့်တာကိုယ်လုံလျှင်သော်လည်းကောင်း၊ ကိုယ့်တာဝန် ကိုယ်နားလည်တတ်ပြီဆိုလျှင်သော် လည်းကောင်း၊ လူမှန်၊ နေရာမှန်ဖြစ်ပြီဟု ဆိုနိုင်သည်။

လူမှန်၊ နေရာမှန် ချမှတ်တာဝန်ပေးနိုင်ခြင်းသည် အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံအတွက် အောင်မြင်မှုလမ်းစပင်ဖြစ်၏။

ဒီမိုကရေစီစနစ် ပီပြင်သော နိုင်ငံများတွင် လူထု၏လေ့လာအား၊ နိုင်ငံရေးဗဟုသုတ ကြွယ်ဝမှုကိုအခြေခံပြီး လူမှန်၊ နေရာမှန် ချမှတ်ရွေးချယ်နိုင်သည်ကိုလည်း တွေ့ရ၏။

ဆိုလိုသည်မှာ ဒီမိုကရေစီစနစ်တွင် လူထု၏ တာဝန်မှာ ရွေးချယ်မှုပင်ဖြစ်၏။ မည်သို့ ရွေးချယ်မည်နည်း။ နိုင်ငံတိုင်းတွင်

ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာဆိုသည့် အာဏာ သုံးရပ်ကို မဏ္ဍိုင်ထားကြသည်မှာ အားလုံးအသိပင်ဖြစ်၏။ ပထမမဏ္ဍိုင်၊ ဒုတိယမဏ္ဍိုင်၊ တတိယ မဏ္ဍိုင်ဟူ၍ သုံးနှုန်းကြသည်ကိုလည်း အကျယ်ချဲ့စရာ လိုမည် မထင်ပါ။

တချို့နိုင်ငံများတွင် အာဏာ သုံးရပ်ကို ဥပဒေအရ အပြန်အလှန်ထိန်းကျောင်း ချိတ်ဆက်ထားသော်လည်း ရွေးချယ် ရာတွင်သီခြားစီ ရွေးချယ်ကြ၏။

မြန်မာနိုင်ငံတွင် အာဏာ သုံးရပ်၏ အခြေခံအကျဆုံး ရွေးချယ်မှုမှာ လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်မှုပင်ဖြစ်၏။ (တပ်မတော်သား ၂၅ ရာခိုင်နှုန်းသည် အမြဲတမ်း ရှိနိုင်မည် မဟုတ်ပေ။)

ထိုလွှတ်တော် ကိုယ်စားလှယ်များဖြင့် လွှတ်တော်နှစ် ရပ်ဖွဲ့စည်းတည်ဆောက်ပြီး ထိုလွှတ်တော် နှစ်ရပ်ပေါင်း ပြည် ထောင်စုလွှတ်တော်ဖြင့် အုပ်ချုပ်မှု အာဏာ၏ အမြင့်ဆုံးဖြစ် သည့် သမ္မတမှစ၍ အစိုးရအဖွဲ့ကို ရွေးချယ်ဖွဲ့စည်းပေး၏။

သမ္မတကို အခြေခံ၍ လွှတ်တော်ကပင် တရားစီရင်ရေး အာဏာကို ရွေးချယ်တင်မြှောက်၏။ သို့ဖြစ်၍ မဏ္ဍိုင်သုံးရပ် မယိမ်းမယိုင်စေရန်နှင့် ထိုပုဂ္ဂိုလ်များ၏ တာဝန်များကို ရွေးချယ် ပေးသူမှာ ပြည်သူပင်ဖြစ်၏။

လူပုဂ္ဂိုလ်ကို အခြေခံပြီး ရွေးမှာလား၊ ပါတီ၏ မူဝါဒကို

အခြေခံပြီး ရွေးမှာလား၊ ထင်ပေါ်ကျော်ကြားခြင်းကို ရွေးချယ်မှာလား၊ အုပ်ချုပ်စီမံခန့်ခွဲမှုကျွမ်းကျင်သူကို ရွေးချယ်မှာလား အစရှိသဖြင့် ဘက်ပေါင်းစုံ စဉ်းစားသင့်လှပေသည်။ ဤသည်မှာ ပြည်သူလူထု၏ တာဝန်ဖြစ်၏။

ပြည်သူလူထုက သူတို့၏ ခေါင်းပေါ်ကို တင်ပေးလိုက်သော ပုဂ္ဂိုလ်များသည် အမှန်တကယ် တာဝန်ကျေပွန်လိုစိတ်ရှိသူနှင့်တာဝန်ကို ထမ်းဆောင်နိုင်သည့် အရည်အချင်း ပြည့်ဝသူများသာ ဖြစ်သင့်၏။

ဥပဒေပြုရေးအာဏာကို ကျင့်သုံးသည့် ပုဂ္ဂိုလ်များသည် ပြည်သူအပေါ်မည်မျှတာဝန်ကျေပါသနည်း။ ကိုယ့်တာဝန်ကိုယ် နားလည်လျှင် တာဝန်ကျေပါပြီလား။ တိုင်းပြည်အကျိုးပြုမည့် ဥပဒေနှင့် မိမိအဖွဲ့အစည်း အကျိုးပြုမည့်ဥပဒေ မည့်သည့်ကို အခြေခံပါမည်နည်း။

သမ္မတမှစ၍ အုပ်ချုပ်ရေး အာဏာကို ကျင့်သုံးသူများသည်လည်း ထို့အတူပင်ဖြစ်၏။ ပြည်သူများရွေးချယ်ပေး လိုက်သော ပြည်သူ့အစိုးရဖြစ်သည်ဟု ကြွေးကြော်နိုင်၏။ ကြွေးလည်း ကြွေးကြော်ကြ၏။ တကယ်တမ်း တာဝန်ကျေပါပြီလား။ ကိုယ်တိုင် စိစစ်ချိန်ဆသင့်လှပေသည်။

အလားတူ တရားစီရင်ရေးမဏ္ဍိုင်ရှိ တရားစီရင်နေကြသော ပုဂ္ဂိုလ်များသည်လည်း ပြည်သူလူထုမှ ရွေးချယ်ပေးလိုက်သောစနစ်အရ ပြည်သူလူထုကို ပြန်လည်တရားစီရင်ရသည့် ပုဂ္ဂိုလ် များဖြစ်ကြ၏။ ဘက်လိုက်မှုကင်းကင်း၊ အဂတိတရား

ကင်းကင်းဖြင့် ပြည်သူ့အပေါ် အမှန်ပင်အကျိုးပြုပါရဲ့လား၊ မှန်ကန်စွာတာဝန်သိ၊ တာဝန်ကျေပါရဲ့လား။ ကိုယ့်မဏ္ဍိုင် ကိုယ်ထိန်းလိုသည့် စိတ်ဓာတ်မျိုးမွေးရန် လိုအပ်သကဲ့သို့ ကိုယ့်ကိုထိန်းကျောင်းပေးမည့် စတုတ္ထမဏ္ဍိုင်ကိုလည်း တန်ဖိုးထားသင့်၏။

စတုတ္ထမဏ္ဍိုင်ဆိုသည့်သတင်းသမားများသည် ပြည်သူက ရွေးချယ်ပေးသည့် ပုဂ္ဂိုလ်များမဟုတ်ကြသော်လည်း ကိုယ့်တာဝန် ကိုယ်ယူတတ်ဖို့လည်း လိုအပ်လှပေသည်။

မှန်ကန်မှု၊ဘက်မလိုက်မှု၊ ပြည်သူ့အကျိုးရှေးရှုမှု၊ အမျိုးသားရေးအမြင် အစရှိသည့် အခြေအနေ အချက်အလက်များအပေါ်တွင် အခြေခံကာ မဏ္ဍိုင်သုံးရပ်ကို မယိမ်းမယိုင်စေရန် ထောက်ပံ့ပေးသော စတုတ္ထမဏ္ဍိုင်အဖြစ် ရှိသင့်သည်ဟု ထင်၏။ ဤသည်မှာ သတင်းသမားများ၏ တာဝန်ဖြစ်၏။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပုဂ္ဂိုလ်များအား လုံးသည် ကိုယ်အသက်မွေးဝမ်းကျောင်းအပေါ် အခြေခံကာ ကိုယ်ကျင်လည်သည့် အသိုင်းအဝိုင်းဧရိယာအတွင်း ကိုယ့်တာကိုယ်လုံ့လကြမည်ဆိုလျှင်ဖြင့် အနာဂတ်မြန်မာ့အရေးသည် လှပပေလိမ့်မည်။

⁂ ⁂ ⁂

## အနာဂတ် မြန်မာ့အရေး (၁၃)

ယခုအခါ မြန်မာနိုင်ငံသည် ပါတီစုံ ဒီမိုကရေစီစနစ်ဖြင့် ရှေ့ခရီးကို ချီတက်နေပြီဖြစ်၏။ ခရီးအစဖြစ်နေသော်လည်း နောင် တစ်ချိန်တွင် ပါတီစုံစနစ်ပီပြင်လာမည်ဟု ယူဆရ၏။

ပါတီစုံစနစ်နှင့် ပါတီများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အင်မတန်မှ အရေးကြီးလှပေသည်။ စနစ်သည်သော်လည်းကောင်း ပါတီများသည်သော် လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှု မရှိလျှင် ပါတီစုံ ဒီမိုကရေစီစနစ် မအောင်မြင်နိုင်ပေ။

ထိုသို့မအောင်မြင်ပါက ပါတီစုံစနစ်ကျင့်သုံးသောတစ်ပါတီအာဏာရှင်စနစ်ကိုသာ ရေးရှုသွားပေလိမ့်မည်။

ပါတီစုံစနစ်နှင့်ပါတီများ ခိုင်မာဖွံ့ဖြိုးစေရန် အစိုးရတွင် တာဝန်ရှိသည်မှာ မှန်သော်လည်း လုံးလုံးလျားလျား တာဝန်ရှိသည်ဟူ၍တော့ဖြင့် မဆိုသာပေ။ တစ်စိတ် တစ်ဒေသသာလျှင် ရှိပေလိမ့်မည်။

အဓိကအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်ပါတီများ၏ မူဝါဒ၊ အလေ့အကျင့်များနှင့် ဆိုင်ပေလိမ့်မည်။

လက်ရှိအခြေအနေတွင် အစိုးရ၌ တာဝန်ရှိသည်ဟုဆိုလျှင် ငြင်းစရာတော့မရှိပါ။ သို့သော် သူသည်ပင်လျှင် ပါတီတစ်ခု၏ အရိပ်အောက်မှ ပေါ်ထွက်လာခြင်းဖြစ်၏။

နောင်တစ်ချိန်တွင် အတိုက်အခံပါတီလည်း ဖြစ်သွားနိုင်၏။ သူ့လက်ထက်တွင် သူကြိုက်သလိုလုပ်၊ ကိုယ့်လက်ထက်တွင် ကိုယ်ကြိုက်သလိုသွားဆိုသည့် စိတ်ထားများခံယူထားလျှင် ပါတီစုံစနစ်နှင့် ပါတီများဖွံ့ဖြိုးလာနိုင်မည် မထင်ပေ။

ဖြစ်သင့်ဖြစ်ထိုက်သည့် စနစ်ကိုများစွာ အသက်သွင်းပေးရမှာဖြစ်သလို ပါတီများ၊ အင်အားကောင်းမွန်မှုတရန်လည်း လိုပေသည်။

ပါတီများ အင်အားကောင်းမွန်မှုတစေဖို့ ဆန္ဒစွဲ၊ ငါစွဲများ ကင်းဖို့လိုမည်ဟု ထင်သည်။ ပါတီစုံ ဒီမိုကရေစီစနစ်ကို ပီပြင်စေရန် အသက်သွင်းပေးမည့်သူများမှာလည်း ဤပါတီများပင် ဖြစ်ကြ၏။

ဒီမိုကရေစီစနစ်ဖြင့် သွားနေသည့်အတွက် ဝါဒရေးရာ (ism) ပေါ်တွင် အခြေမခံဘူးဟု ဆိုသော်လည်း ပါတီများ၏ မူဝါဒသည် (ism)နှင့် အလားသဏ္ဌာန်တူသည်ဟု ယူဆမည်ဆိုလျှင်လည်း ယူဆနိုင်ပေလိမ့်မည်ဟုထင်သည်။

ပါတီစုံဆိုသော်လည်း ပါတီများ ဖောင်းပွများပြားလွန်းလျှင်' ငါးသိုင်းများ၍ ဟင်းဟုံ'ဆိုသကဲ့သို့ မူဝါဒများ အငြင်းအခုံများများ ပြားလာမှာ အမှန်ပင်ဖြစ်၏။ ဒီမိုကရေစီစနစ်ကို ခိုင်မာစေမှာလား။ ထိခိုက်စေနိုင်မှာလား စဉ်းစားသင့်လှပေသည်။ ထို့ပြင် အမျိုးသား စည်းလုံးညီညွတ်မှုကိုလည်း ထည့်သွင်းစဉ်းစားရမည် ထင်သည်။

တိုင်းရင်းသား လူမျိုးစု များပြားသည့်အတွက် လူမျိုးအလိုက်ပါတီများ ရှိနေသည်မှာလည်းမှားသည်ဟု မဆိုသာပေ။

သို့သော် လူမျိုးစု အမည်ပေါ်မှာ အခြေခံပြီး လူမျိုးစုအကျိုးသက်သက်ကိုသာ ရှေးရှုမည်ဆိုလျှင် အမျိုးသားနိုင်ငံရေးကို အတန်သင့် အဟန့်အတား ဖြစ်စေနိုင်သည်။

အမျိုးသား နိုင်ငံရေးဆိုသည်မှာ အမျိုးသား အကျိုးစီးပွားတစ်နည်းအားဖြင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကိုရှေးရှုသော နိုင်ငံရေးကို ဆိုလိုခြင်းဖြစ်သည်ဟုထင်ပါသည်။

၁၉၈၈ ခုနှစ် အရေးအခင်းပြီးနောက် နိုင်ငံရေးပါတီများဖွဲ့စည်းခွင့်ပြုခဲ့ရာ ၂၃၅ ပါတီရှိခဲ့သည်။

ထိုပါတီများကို သရုပ်ခွဲကြည့်သည့်အခါ တိုင်းရင်းသားများကို အခြေခံသည့်ပါတီ၊ ကျောင်းသားနိုင်ငံရေးအင်အားစုကိုအခြေခံသည့် ပါတီ၊ နိုင်ငံရေးသမား အင်အားစုကိုအခြေခံသည့်ပါတီ၊ ရိုဟင်ဂျာလူမျိုးဟု အသိအမှတ်ပြုစေရေး ကြိုးပမ်းလိုသည့်ပါတီစသည့်ဖြင့် အုပ်စု(၄)မျိုးကိုသာ တွေ့ရှိရပေသည်။

ထိုအထဲတွင် မည်သည့်မူဝါဒမျှ အခြေမခံဘဲ အုတ်ရောရောရော၊ ကျောက်ရောရောဖြင့် ပါတီဆိုင်းဘုတ်တင်ခွင့်ရလျှင် ဖုန်းတစ်လုံး ရမည်ဟုဆိုကာ အခွင့်အရေးကို မှန်းသော ပါတီများလည်းရှိခဲ့၏။

**ဝါဒတူပါတီချင်း ပူးပေါင်းစေရေးကို အသာထားပါဦး။ ပါတီကြီးတစ်ခုဆိုလျှင် ထင်ပေါ်ကျော်ကြားမှု အင်မတန်မှကောင်း မွန်လှသော်လည်း ပါတီတွင်းဖွဲ့စည်းမှုမှာ ယခုအချိန်အထိပင် မပီပြင်နိုင်သေးပေ။ ပါတီတွင်း ဆင့်ကဲဆင့်ကဲ လေးစားတတ်မှုနှင့် အုပ်ချုပ်မှု၊ စီမံခန့် ခွဲမှု စွမ်းရည်များလည်း အများကြီးလိုအပ်နေသည်ကို တွေ့ရ၏။**

မည်သို့ပင်ဖြစ်စေ မူဝါဒစည်းမျဉ်း၊ စည်းကမ်းများချမှတ်ကျင့်သုံးလာသည့်အခါ အမှန်တကယ် ရွေးကောက်ပွဲဝင်ရာ၌ ၉၃ ပါတီသာ ဝင်ရောက်နိုင်ခဲ့သည်ကိုတွေ့ရ၏။

မဲရရှိမှုနှင့် ဝင်ရောက် အရွေးခံမှုအပေါ်မှာ အခြေခံပြီး ကြည့်မည်ဆိုလျှင် အင်အားကြီးပါတီမှာ NLD နှင့် တစည သာရှိ၏။ တိုင်းရင်းသား ပါတီများတွင် အဝင်နိသင့် အင်အား

ကောင်းခဲ့သည်မှာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် မွန်အမျိုးသားဒီမိုကရေစီ ပါတီတို့ ဖြစ်ကြ၏။

ပါတီစုံဒီမိုကရေစီစနစ်ဖွံ့ဖြိုးသော နိုင်ငံများတွင် လေ့လာ မိသလောက် တွေ့ရသည်မှာ အဓိကအားဖြင့် ပါတီကြီး နှစ်ပါတီ၊ သုံးပါတီသာ ရှိတတ်ကြ၏။

အမေရိကန်ပြည်ထောင်စုတွင် ဒီမိုကရက်နှင့် ရီပတ် ဘလီကန်နှစ်ပါတီသာ အလှည့်ကျကြီးစိုးကြ၏။ ဦးဆောင်ပါတီ ဖြစ်လိုက်၊ အတိုက်အခံပါတီ ဖြစ်လိုက်ဖြင့်သာ ဒီမိုကရေစီကို အကောင်အထည်ဖော်ကြ၏။

မူဝါဒတူရာများ ပူးပေါင်းရင်း၊ ပူးပေါင်းရင်းဖြင့်ပင် နောက်ဆုံး၌ အဓိကပါတီကြီးနှစ်ခုဖြစ်သွားပြီး အင်အား၊ မူဝါဒ အစရှိသဖြင့် အချိန်မရွေး၊ နေရာမရွေးယှဉ်ပြိုင်နိုင်သော အခြေ အနေအထိ ဖွံ့ဖြိုးခဲ့၏။

မူဝါဒကိုယှဉ်မလား၊ အင်အားကိုယှဉ်မလား၊ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု စွမ်းရည်ကိုယှဉ်မလား၊ ထင်ပေါ်ကျော်ကြားမှုကို ယှဉ်မ လား၊ ဥပဒေရေးရာ ကျွမ်းကျင်မှုကို ယှဉ်မလား၊ နိုင်ငံခြားရေး မူဝါဒကို ယှဉ်မလား၊ စီးပွားရေးမူဝါဒကိုရော ယှဉ်ချင်သေးလား၊ မည်သည့် ကိစ္စကိုပင်ယှဉ်ယှဉ် ယှဉ်ပြိုင်နိုင်ကြ၏။

လက်ရှိမြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့် သုံးသည်မှာမှန်သော်လည်း ပါတီများဖြစ်ပေါ်ဖွဲ့စည်းမှုကိုလေ့လာ

ပါက အကွဲကွဲအပြားပြားဖြစ်နေကြ၏။ အရည်အချင်းများ ပြန့်ကျဲနေသည်ဟု ဆိုနိုင်၏။

ဝါဒတူ၊ လမ်းကြောင်းတူပါတီများ ရှိနေကြသော်လည်း သူ တစ်လူ၊ ငါတစ်မင်း သဘောသာရှိကြ၏။ ကိုယ့်နာမည်၊ ကိုယ့်ပုံရိပ်၊ ကိုယ့်ပါတီမဲရရေးကိုသာ အဓိကထားနေကြသည်ကို မြင်နေရ၏။ သဘာဝမကျသော ကတိပေးမှုများဖြင့် စည်းရုံးခြင်းများကိုလည်း တွေ့ရ၏။ ပါတီစုံအတွက် အင်မတန်မှ အန္တရာယ်ကြီးလှပေသည်။

ဝါဒတူပါတီချင်း ပူးပေါင်းစေရေးကို အသာထားပါဦး။ ပါတီကြီးတစ်ခုဆိုလျှင် ထင်ပေါ်ကျော်ကြားမှု အင်မတန်မှကောင်းမွန်လှသော်လည်း ပါတီတွင်းဖွဲ့စည်းမှုမှာ ယခုအချိန်အထိပင်မပီပြင်နိုင်သေးပေ။ ပါတီတွင်း ဆင့်ကဲဆင့်ကဲ လေးစားတတ်မှုနှင့် အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု စွမ်းရည်များလည်း အများကြီး လိုအပ်နေသည်ကို တွေ့ရ၏။

ပြည်သူလူထု၏ ရွေးချယ်မှုက အဓိကဖြစ်သည်မှာ မှန်သော်လည်း ပြည်သူလူထုအတွက် တာဝန်ကျေစေရန် မဲနိုင်ရုံမျှဖြင့်ဆိုလျှင် အင်မတန်မှ ရင်လေးစရာ ကောင်းလှပေသည်။

ယခုအချိန်တွင် နိုင်ငံရေးပါတီများအနေဖြင့် တော်လှန်ရေးသဘောတရား (Revolution Theory) ကိုစွန့်လွှတ်ပြီး နိုင်ငံကို အုပ်ချုပ်နိုင်ရန်၊ မူဝါဒနှင့်လက်တွေ့ အချိုးညီညီ အကောင်အထည်ဖော်နိုင်ရန် ဖွံ့ဖြိုးသောပါတီကြီးများသို့ ရှေးရှုသင့်ပြီးဟု တိုက်တွန်းလိုသည်။

ပူးပေါင်းဖွဲ့စည်းမှုများကိုလည်း ရှေးရှုရမည်ထင်သည်။ ယခု ရှေးရှုမှုမရှိလျှင်လည်း နောင်တစ်ချိန်တွင် ကျိန်းသေပေါက် ဖွဲ့စည်း ကြရမည်မှာ သေချာလှပေသည်။ အပြိုင်အဆိုင်သဘော တရားအရ ဘက်သည်နှစ်ဖက်သာ ရှိတတ်သည်မှာ ဓမ္မတာ ပင်ဖြစ်၏။

အနာဂတ်မြန်မာ့အရေးအတွက် ပါတီများ ဖွံ့ဖြိုးခိုင်မာ ရေးသည်လည်း အဓိကကျသော အချက်တစ်ချက်ဖြစ်လိမ့်မည်ဟု ဆိုချင်သည်။

⁂ ⁂ ⁂

## အနာဂတ် မြန်မာ့အရေး (၁၄)

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံ တစ်နိုင်ငံ ဖြစ်သည့်အတွက် အနာဂတ် မြန်မာ့အရေး သာယာလှပစေရန် 'ဘုံ'မျိုးချစ်စိတ်တစ်ခု ခိုင်မာစေရန်လည်း အရေးကြီးလှပေသည်။

' ဘုံ 'မျိုးချစ်စိတ်ဟု ဆိုလိုသည်မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် လူမျိုးပေါင်း၁၃၅ မျိုးနှင့် သက်ဆိုင်သော မြန်မာဆိုသည့် မျိုးရင်းအမည်ကို ချစ်တတ်သည့်စိတ်ကို ဆိုလိုသည်။

ဤသို့ဆိုလိုက်သည့်တွက် ဘက်တစ်ခုကို ရောက်သွားပြီ၊ အဖွဲ့အစည်းအခုကို ကိုယ်စားပြုရှင်းလင်းပေးသည်၊ ထောက်ခံသည်ဟုမထင်စေလိုပါ။ လေးလေးနက်နက် စဉ်းစားဆုံးဖြတ်သင့်သည့် ကိစ္စတစ်ရပ်ဟု မြင်သည်။

တိုင်းရင်းသားပေါင်း အမြောက်အမြားရှိသည့်အတွက်

ဘုံချစ်စိတ် တစ်ခုတော့ ရှိသင့်လှပေသည်။ အမေရိကန်ပြည် ထောင်စုတွင် အမေရိကန်ဟူ၍ မျိုးရင်းမရှိပါ။ ကမ္ဘာ့ဒေသအသီး သီးမှ အကြောင်းအမျိုးမျိုးကြောင့် ရောက်လာကြသော လူများနှင့် ဖွဲ့စည်း တည်ထောင်ထားခြင်းသာ ဖြစ်ပေသည်။ မူလဒေသကို အခြေခံပြီး အာရှန်–အမေရိကန်၊ အာဖရိကန်– အမေရိကန်ဟူ၍ သုံးနှုန်းကြ၏။

ထိုသူများသည် အမေရိကန်ဆိုသည့် အမည်ကို နှစ်ခြိုက်စွာဖြင့် ချစ်တတ်ကြသည်ကိုတွေ့နိုင်သည်။ အမေရိကန် အကျိုးစီးပွားအတွက် အသက်ကိုပင် ပေးရဲသည့် အာဖရိကန်– အမေရိကန်စစ်သားများလည်း တစ်ပုံတစ်ပင်ရှိသည်ကို တွေ့နိုင် သည်။

အမေရိကန်ပြည်ထောင်စုအတွင်း လူမျိုးပေါင်းစုံရှိသည့် အတွက် ပြဿနာပေါင်းစုံရှိသည်မှာလည်း အမှန်ပင်ဖြစ်သည်။ လူမျိုးရေး ခွဲခြားမှုများလည်း ရှိသည်ကို ထောက်ပြမည်ဆိုလျှင် လည်း ငြင်းစရာအကြောင်းမရှိပါ။ ငြင်းလည်း မငြင်းနိုင်ပါ။

သို့သော် အမျိုးသားအကျိုးစီးပွား (National Interest) အတွက်ဆိုလျှင် အမေရိကန်ဆိုသည့်အမည်ကို ချစ်မြတ်နိုးစွာ ယူတတ်ကြသည်ကိုတွေ့ရ၏။ ထိုသို့ဖြစ်လာစေရန်လည်း အချိန် များစွာ ယူခဲ့ရသည်လည်းတွေ့ရ၏။

နိုင်ငံကြီးပွား ချမ်းသာမှုအပေါ်တွင်လည်း တည်သည်ဟု ပြောမည်ဆိုလျှင်လည်း ပြောနိုင်ပေသည်။ နိုင်ငံကြီးပွားချမ်းသာ လာသည်မှာလည်း ထိုချစ်စိတ်ကြောင့်ပင်ဖြစ်၏။ အပြန်အလှန်

အချိုးညီ၍ ဖြစ်သည်ဟု ယူရလိမ့်မည်ထင်သည်။ အမေရိကန် ပြည်ထောင်စု တစ်နိုင်ငံတည်းကို အထူးပြုဆိုလိုခြင်း မဟုတ်ပါ။ ထင်ရှားသည့် ပြယုဂ်ကို ဥပမာပေးခြင်းသာဖြစ်၏။

အနာဂတ်အရေး (၂) တွင် တစ်ပြည်ထောင်စု စနစ်နှင့် ပြည်ထောင်စုစနစ်များအကြောင်းကို အကြမ်းဖျင်းရေးသား ဖော်ပြထားခဲ့သည်။ ပြဿနာအနည်းဆုံးနှင့် ညီညွတ်မှုအများဆုံးမှာ လူမျိုးတစ်မျိုးတည်းပေါ်မှာ အခြေပြု တည်ဆောက်ထားသော တစ်ပြည်ထောင်စနစ်သာဖြစ်၏။

မြန်မာနိုင်ငံသည် တိုင်းရင်းသား ပေါင်းစုံဖြင့် ဖွဲ့စည်း တည်ထောင်ထားသော ပြည်ထောင်စုစနစ်နိုင်ငံဖြစ်၏။ တစ်ပြည် ထောင် စနစ်မဖြစ်နိုင်သော်လည်း တစ်ပြည်ထောင်စနစ်ကဲ့သို့ ပင် ပြဿနာနည်း၍ အေးချမ်းသာယာစေနိုင်ရန် အခြေအနေ တစ်ခုရှိ၏။

ဤသည်မှာ 'မြန်မာ'ဟူသော စိတ်ပင်ဖြစ်၏။ ထိုစိတ် ထားမျိုးထားနိုင်လျှင် ပြဿနာ အတော်အတန်ပင် နည်းသွား ပေလိမ့်မည်။

ထို့ကြောင့်ပင် ခေတ်အဆက်ဆက် သုံးနှုန်းခဲ့သည်မှာ 'ပြည်ထောင်စုဗမာနိုင်ငံ'ဟူ၍ သုံးနှုန်းခဲ့ခြင်းမရှိခဲ့သည်ကိုလည်း သတိပြုမိကြမည်ထင်၏။

ဆိုလိုသည်မှာ ဗမာလည်းမြန်မာ၊ ကချင်လည်း မြန်မာ၊ ရှမ်းလည်း မြန်မာဟုဆိုလိုခြင်းဖြစ်၏။ မျိုးရင်းအရဆိုလျှင်လည်း သွေးမဝေးသည့်အတွက် မှန်ကန်သော ယူဆချက်ဟုမြင်သည်။

သမိုင်းမှတ်တမ်း အထောက်အထားများသည် သမိုင်းပညာရှင်များ၏ ကိစ္စဖြစ်သည့်အတွက် မှန်သည်၊ မှားသည်ဟု မဝေဖန်လို၊ မငြင်းလိုပါ။

မြန်မာက ဗမာပါ။ ချင်းက ချင်းပါ။ ရှမ်းက ရှမ်းပါဟူ၍ မခံယူကြစေလိုပါ။ ထိုခံယူချက်များကြောင့် လွတ်လပ်ရေးမရမီမှာပင် ခွဲထွက်ရေးကို စဉ်းစားခဲ့ကြခြင်းဖြစ်၏။ ဗိုလ်ချုပ်ဦးဆောင် ပါဝင်သော ပင်လုံဆွေးနွေးပွဲမှာပင် ခွဲထွက်ရေးကိစ္စအခြေအတင်ဖြစ်ခဲ့၏။

ထိုခွဲထွက်ရေးသည် လွတ်လပ်ရေးဟူသော ဘုံအကျိုးစီးပွားရှိနေသောကြောင့် ကြီးထွားမလာခဲ့သော်လည်း လွတ်လပ်ရေးရပြီး ၁၀နှစ်ပြည့်သည့်အချိန်မှစ၍ အသက်ဝင်ကြီးထွားလာခဲ့သည်။

ယခုအခါတွင် ဖယ်ဒရယ်မူသည် ပြည်နယ် ခွဲထွက်ရေးဆောင်ရွက်ချက်မဟုတ်ပါဟု ခေတ်ကာလ ပြောင်းလဲလာသည့်အချိန်မှာ ပြောဆိုနေကြသော်လည်း ထိုအချိန်က ခွဲထွက်ရေးကိုရှေးရှုခဲ့သည်ကို ကိုယ်တိုင်တွေ့ကြုံခဲ့ရသူများ ငြင်းနိုင်မည် မထင်ပေ။

ဗမာ တစ်ကျပ်၊ ကရင် တစ်ကျပ်ဖြစ်ရမည်။ ရှစ်ပြည်နယ်သာ ရှိရမည်ဆိုသော မူဝါဒများကိုလည်း မှတ်မိကြပေလိမ့်မည်ထင်သည်။ လူဦးရေများသော ဗမာအားလုံးအတွက် တစ်ကျပ်နှင့်လူဦးရေနည်းသော ကရင်အားလုံးအတွက် တစ်ကျပ်သာဆိုလျှင် အချိုးအရ မျှတနိုင်လိမ့်မည်မဟုတ်ပေ။ ၁၀၀အတွက်

တစ်ကျပ်နှင့် ၁၀အတွက် တစ်ကျပ်ဆိုလျှင် တစ်ပြားနှင့်၁၀ပြား ဖြစ်ပေလိမ့်မည်။

ဤအဝန်းအဝိုင်းတွင် နေထိုင်ကြသူများ၊ တစ်ဦးချင်းစီဖြင့် တွက်မည်ဆိုလျှင် မျှတနိုင်ပါမည်လား။ စဉ်းစားစရာပင်ဖြစ်၏။ ခေတ်အဆက်ဆက်မှာပင် မြန်မာအားလုံးအတွက် တန်းတူအခွင့်အရေး ပေးခဲ့သည်သာ ဖြစ်၏။ ကွာဟချက်မှာ လမ်းပန်း ဆက်သွယ်မှု ခက်ခဲခြင်းနှင့် အသိပညာ ဖွံ့ဖြိုးမှုများ အပေါ်တွင် အခြေခံ၍ ဆူကြုံနိမ့်မြင့် ကွာဟခြင်းဖြစ်သည်ကို တွေ့ရ၏။

"ဒါတွေ ပြောမနေပါနဲ့။ တိုင်းရင်းသားပေါင်း များစွာ နေထိုင်ကြတဲ့အတွက် ဒီမိုကရေစီနည်းအရသွားရင်တော့ အဆင်ပြေသွားမှာပါ"ဟု ဆိုချင်ပါသလား။

"အေးအတူပူအမျှ မှုအရနေသွားလျှင် အဆင်ပြေသွားမှာပါ"ဟု ပြောချင်ပါသလား။

"Rule and Regulation အရသော် လည်းကောင်း၊ အများသဘောတူညီထားသော ဖွဲ့စည်းပုံ အခြေခံအရ သော်လည်းကောင်း နေထိုင်ပါက အဆင်ပြေသွားမှာပါ"ဟု ရောသုံးနှုန်းချင်ပါသလား။

မည်သို့ပင်ဖြစ်စေ မှန်ကန်သည်ချည်းသာ ဖြစ်၏။ သို့သော် 'ဘုံ' အကျိုးစီးပွားနှင့် 'ဘုံ' စိတ်ထားတော့ ရှိဖို့လိုလိမ့်မည် ထင်သည်။

ခေတ်အဆက်ဆက် မြန်မာအသုံးအနှုန်းဖြင့် သုံးနှုန်းခဲ့သည့် 'မြန်မာ'ဆိုသည့် အမည်ကိုပဲသုံးသုံး၊ အင်္ဂလိပ် အသုံးအနှုန်းဖြင့် 'ဘားမား' ဆိုသည့် အမည်ကိုပဲ သုံးသုံး ကြိုက်သလို သုံးကြပါ။

လူညီလျှင် 'ဤ' 'ကျွဲ' ဖြစ်ဆိုသကဲ့သို့ ဘုံအကျိုးစီးပွား ညီညွတ်ဖို့သာလျှင် လိုပေသည်။

အင်္ဂလိပ်လို သုံးနှုန်းထားသော ဘားမားသည် လူဦးရေများသော ဗမာလူမျိုးကို သီးခြားအထူးပြုထားခြင်း ဖြစ်သည့်အတွက် မိမိအမြင်အရ ဘုံစိတ်ထားကိုတော့ ရောက်နိုင်မည် မထင်ပေ။

မြန်မာနိုင်ငံတွင် ယခုအချိန်ထိ မြန်မာနှင့် ဗမာ သဲသဲကွဲကွဲ မသိသူအမြောက်အမြား ရှိနေသေးသည်ကိုတွေ့ရ၏။

မြန်မာသည် တိုင်းရင်းသားအားလုံး ပိုင်ဆိုင်သော ဘုံအမည်သာ ဖြစ်၏။ ဗမာသည် ကျန်တိုင်းရင်းသားများကဲ့သို့ပင် မြန်မာ၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်၏။

မြန်မာသည် တိုင်းရင်းသားအားလုံးကိုယ်စားပြုပြီး ဗမာသည်လူမျိုးတစ်မျိုးကိုသာ ကိုယ်စားပြု၏။

ထိုအခြေအနေကို အတည်ပြု ကျင့်သုံးလျက်ရှိသော ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်လည်း ဖော်ပြထား၏။ ကျယ်ကျယ်ပြန့်ပြန့်သိရှိ သွားနိုင်စေရန်နှင့် ဘုံမျိုးချစ်စိတ် ခိုင်မာလာစေရန် မည်သူစွမ်း ဆောင်နိုင်သနည်း။ စွမ်းဆောင်စေလိုပါသည်။

တိုင်းရင်းသားအားလုံး မြန်မာကို ဦးတည်သည့် မျိုးချစ်စိတ်ရှိခြင်းသည်လည်း အနာဂတ်မြန်မာ့အရေးအတွက် သာယာလှပပေလိမ့်မည်ဟု ဆိုချင်သည်။

✻ ✻ ✻

## အနာဂတ် မြန်မာ့အရေး (၁၅)

အနာဂတ် မြန်မာ့အရေးကို အပိုင်းလိုက် ရေးသားခဲ့သည်မှာ ၁၅ ပိုင်း ရှိခဲ့ပေပြီ။ တစ်ပိုင်း တစ်ပိုင်းတွင် ချဲ့ရေးစရာ၊ ချဲ့တွေးစရာ အမြောက်အမြားရှိပေလိမ့်မည်။

တွေ့ကြုံလေ့လာခဲ့ဖူးသည့် အခြေအနေများကို ဉာဏ်မီသလောက် မျှဝေခဲ့ခြင်းသာ ဖြစ်ပါသည်။ လိုအပ်ချက်များ၊ သဘောမတွေ့သည့် အချက်အလက်များ၊ အခြေအနေများ ရှိပေလိမ့်မည်ဟု ထင်သည်။

အဓိက ရည်ရွယ်ရေးသားခဲ့သည်မှာ အမျိုးသားရေးကို မိမိအမြင်ဖြင့် ရှေးရှုခြင်းသာ ဖြစ်သည်။ ရှုထောင့်တစ်မျိုးဖြစ်ချင်ဖြစ်ပေလိမ့်မည်။ ထည့်သွင်း စဉ်းစားသင့်သည့် ဗဟုသုတတစ်ခုအဖြစ်ကိုသာ ရည်ရွယ်ခဲ့ပါသည်။

အမျိုးသားရေးဆိုရာ၌ ရှုထောင့်တူချင်မှ တူပေလိမ့်မည်။

သို့သော် အမျိုးသားရေးသည် တစ်ခုသာရှိပေသည်။ ဤသည်မှာ အမျိုးသားအကျိုးစီးပွားသာ ဖြစ်၏။

ပါတီနိုင်ငံရေးသည် အမျိုးသားရေး မဟုတ်၊ အမျိုးသားနိုင်ငံရေးသည် အမျိုးသားရေးဖြစ်ပြီး ပါတီနိုင်ငံရေးထက် မြင့်သည်။ မြတ်သည်ဟူ၍ ပြောဆို သုံးနှုန်းခဲ့ကြဖူးသည်ကို လည်း တွေ့ရှိခဲ့ရဖူးပါသည်။

မှန်သည်၊ မှားသည် မဝေဖန်လိုပါ။ ပါတီနိုင်ငံရေးပဲ ဖြစ်ဖြစ်၊ အမျိုးသား နိုင်ငံရေးပဲဖြစ်ဖြစ်၊ အဓိကဦးတည်သည်မှာ နိုင်ငံအတွက်သာ ဖြစ်၏။

ပါတီစုံ ဒီမိုကရေစီစနစ်တွင် ပါတီနိုင်ငံရေးစနစ် ပီပြင်မှ၊ ပါတီများဖွံ့ဖြိုးမှသာလျှင် အမျိုးသားအကျိုးစီးပွား ပိုမိုဖြစ်ထွန်း လိမ့်မည်ဟုထင်သည်။ ဤရှုထောင့်မှကြည့်လျှင် ပါတီနိုင်ငံရေး သည်လည်း အမျိုးသားနိုင်ငံရေးဟုဆိုလျှင် မှားမည်မထင်ပါ။

တချို့ကလည်း လွှတ်တော်ပြင်ပ နိုင်ငံရေးမှသာလျှင် အမျိုး သားနိုင်ငံရေးဖြစ်သည်ဟု သုံးနှုန်းကြပြန်ပါသည်။

မည်သို့မည်ပုံ ယူဆသုံးနှုန်းသည်ကိုတော့ နားမလည် သည်မှာ အမှန်ပါ။ ပါတီနိုင်ငံရေးသည် ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေး အာဏာများရရှိ ကိုင်တွယ်ကျင့်သုံးနိုင်သည်။ ပါတီ မထောင်၊ လွှတ်တော်မတက်သည့် ပုဂ္ဂိုလ်များသည် မည်သည့် အခွင့်အရေးမှမရရှိဘဲ စွန့်လွှတ်ပြီး နိုင်ငံရေးလုပ်ခြင်းဖြစ်၍ အမျိုး သားနိုင်ငံရေးဟု ယူဆခြင်းဖြစ်သည်ဟု ထင်ပါသည်။

မိမိအမြင်အရဆိုလျှင် အမျိုးသားနိုင်ငံရေးသည် အမျိုးသားအကျိုးစီးပွားကို ဦးတည်သော လှုပ်ရှားမှုမှန်သမျှ အကျုံးဝင်သည်ဟုဆိုလျှင် ရလိမ့်မည်ဟု ထင်သည်။

စစ်သားသည် စစ်သားတာဝန်၊ ဆရာဝန်သည် ဆရာဝန်တာဝန်၊ ကျောင်းဆရာသည် ကျောင်းဆရာတာဝန်များကို ကိုယ်စီကိုယ်စီ ကျေပွန်ကြလျှင် အမျိုးသားရေးတာဝန် ကျေပွန်ခြင်းဖြစ်၍ အမျိုးသား နိုင်ငံရေးတာဝန်ကို ထမ်းဆောင်ခြင်းသာဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းတွေကို ထားပါဦး။ ကုန်သည် ပွဲစားများသည်ပင်လျှင် အခွန်ကျေပွန်စွာ ထမ်းဆောင်လျှင် အမျိုးသားအကျိုးစီးပွားကို ပံ့ပိုးပေးခြင်းဖြစ်၏။ ယုတ်စွအဆုံး လမ်းဘေးဈေးသည်များပင်ဖြစ်နေပါစေ၊ အခွန်စည်းကြပ်မည့် အခွန်ဝန်ထမ်းမှ လာရောက်ကောက်ယူသော နေ့တွက်ခကို ကျေပွန်စွာ ပေးဆောင်နေခြင်းသည်ပင်လျှင် အမျိုးသားနိုင်ငံရေးဟု ဆိုရမည်ပင်ဖြစ်သည်။

အမျိုးသား နိုင်ငံရေး၊ ပါတီနိုင်ငံရေး ဆိုသည့် အသုံးအနှုန်းများ၊ ဆောင်ရွက်ချက်များအပေါ် ဝေဖန်ခြင်းတိုက်ခိုက်ခြင်းမျိုးမဟုတ်ပါ။

လွှတ်တော်နိုင်ငံရေးကို အယုံအကြည်မရှိ၊ ပါတီထောင်ခြင်းကို အယုံအကြည်မရှိ၊ နိုင်ငံအကျိုးစီးပွားသက်သက်ကိုသာလျှင်ရှေးရှုပြီး လိုအပ်သည်များကို ဝန်းရံသောဆောင်ရွက်ချက်များဖြင့် နိုင်ငံရေးလုပ်မည်ဆိုသည်ကိုလည်းငြင်းစရာမရှိပါ။

သို့သော် စဉ်းစားစရာများတော့ ရှိပေသည်။ အမျိုးသား အကျိုးစီးပွားနှင့် နိုင်ငံရေးပုံဖော်မှုများတွင် မည်သည်ကိုအမှန်ဟု ယူမည်နည်း။

ကိုယ်ထင်ရာ၊ ကိုယ်သန်ရာကိုမှသာလျှင် အမှန်ဟုယူ၍ ရမည်မထင်ပေ။ နိုင်ငံရေး စနစ်မျိုးစုံ၊ နိုင်ငံပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ကုလသမဂ္ဂအဖွဲ့ကြီးမှာပင်လျှင် မည်သည်ကိုမျှ အမှန်ဟုယူသည်ကို မတွေ့ရပေ။

**နိုင်ငံ့ဝန်ထမ်းတွေကိုထားပါဦး။ ကုန်သည်ပွဲစားများသည်ပင်လျှင် အခွန်ကျေပြွန်စွာထမ်းဆောင်လျှင် အမျိုးသားအကျိုးစီးပွားကို ပံ့ပိုးပေးခြင်းဖြစ်၏။ ယုတ်စွအဆုံး လမ်းဘေးဈေးသည်များပင်ဖြစ်နေပါစေ၊ အခွန်စည်းကြပ်မည့် အခွန်ဝန်ထမ်းမှ လာရောက်ကောက်ယူသော နေ့တွက်ခကိုကျေပြွန်စွာ ပေးဆောင်နေခြင်းသည်ပင်လျှင် အမျိုးသားနိုင်ငံရေးဟု ဆိုရမည်ပင်ဖြစ်သည်။**

ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက အများသဘောဖြင့် ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်ကိုသာလျှင် လိုက်နာအကောင်အထည်ဖော်ကြပေသည်။ ဆိုလိုသည်မှာအများအကျိုးအတွက် အများသဘောကို ရွေးရှုခြင်းသာဖြစ်၏။ ဤသည်မှာ

ခေတ်သစ် နိုင်ငံရေးပင်ဖြစ်သည်။ ဒီမိုကရေစီ နည်းလမ်းတကျ ဖြစ်သည်ဟု ယူမည်ဆိုလျှင်လည်း မှားအံ့မထင်ပေ။ သမ္မတ ဦးသိန်းစိန်အစိုးရ၏ လုပ်ဆောင်ချက်များကို အမှန်ယူမည်လား။

သို့တည်း မဟုတ် ပြည်သူ့ခေါင်းဆောင်၊ ဒီမိုကရေစီ ခေါင်းဆောင်ဟု သတ်မှတ်ခေါ်ဝေါ်နေကြသော နိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်ရွက်ချက်နှင့် မူဝါဒများကို အမှန်ဟု ယူပါမည်လား။ လေးလေးနက်နက် စဉ်းစားသင့်လှ ပေသည်။

မိမိအမြင်အရပြောရလျှင် အားလုံးမှန်ပေသည်။ ပုဂ္ဂိုလ် ရေး အရကိုယ်ပိုင်ပုံရိပ် အမြင်လှစေရန် အကောင်ဘက်ကိုသာ ရှေးရှုကြသည့် သဘာဝအရ နိုင်ငံ့ကောင်းကျိုးကိုသာ ကြည့်ကြပေ လိမ့်မည်။

သို့သော် မိမိအမြင်၊ မိမိမူဝါဒများဖြင့်သာလျှင် နိုင်ငံတိုး တက်ကြီးပွားလိမ့်မည်ဆိုသော ငါစွဲအမြင်ကိုတော့ရှေးမရှုသင့်ပေ။

ဤအမြင်၊ ဤအစွဲကိုသာ ရှေးရှုကြသည့် သဘာဝ ကြောင့် သာလျှင် အမျိုးသားအကျိုးစီးပွားဖန်တီးရာတွင် ဝိရောဓိ ဖြစ်နေခြင်းပင်ဖြစ်၏။

ထို့အတွက်ကြောင့် မည်သည့်ဆောင်ရွက်ချက်ကို အမျိုး သားနိုင်ငံရေးဟူ၍ယူမည်နည်း။ မြန်မာ့အနာဂတ်အရေးအတွက် အလွန်ပင်အရေးကြီးလှပေသည်။

ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရား

စီရင်ရေး အာဏာများကို ကိုင်တွယ်နေသူများ၏ ဆောင်ရွက်ချက်များ၊ မူဝါဒများကို မကြိုက်ပါက၊ မကျေနပ်ပါက မကြိုက်ကြောင်း၊ မကျေနပ်ကြောင်း ဆန္ဒပြသခွင့်ရှိပေသည်။

သို့သော် မိမိ၏ ဆုံးဖြတ်ချက် သို့တည်းမဟုတ် မိမိအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်တစ်ခုတည်းဖြင့် အတိုင်းအဆကို မည်သို့ချိန်မည်နည်း။ မိမိအမြင်ဖြင့် ပြောင်းကို ပြောင်းရမည်လုပ်ကို လုပ်ရမည်ဟူသောဆုံးဖြတ်ဆောင်ရွက်ချက်သည်မှန်ပါမည်လား။ အများဆန္ဒနှင့် ကိုက်ညီပါမည်လား။

ဤအခြေအနေကို ချိန်တပြီးအမျိုးသား အကျိုးစီးပွားကို ရှေးရှုမှသာလျှင် အမျိုးသားနိုင်ငံရေးစစ်စစ် ဖြစ်ပေလိမ့်မည်။

ဆိုလိုသည်မှာ Rule and Regulation အတွင်းမှ ဆောင်ရွက်ချက်များသည်သာ အမျိုးသားအကျိုးစီးပွားကို ဖြစ်ထွန်းပေလိမ့်မည်။ Rule onf Law ကို ဆိုလိုခြင်းဖြစ်၏။ Regulation သည် အစဉ်အလာ ထုံးတမ်းစဉ်လာကိုဆိုလိုခြင်းဖြစ်၏။

သမိုင်းအစဉ် အဆက်ကျင့်သုံးလာခဲ့သည့် ဥပဒေများ အပါအဝင် ကောင်းမွန်မျှတသော ဥပဒေများ ဆက်လက်ခိုင်မာတောင့်တင်းစေရန် လွှတ်တော်နိုင်ငံရေးသည် ပီပြင်ဖို့ လိုပေလိမ့်မည်။

Regulation သည် သမိုင်း အစဉ်အလာ၊ ယဉ်ကျေးမှုနှင့် ပိုမိုသက်ဆိုင်သည့်အတွက် မြန်မာ့နီတိပီပြင်ခိုင်မာစေရန် အရေးကြီး၏။

သို့အတွက်ကြောင့် Rule and Regulation ခိုင်မာစေရန်နှင့် ထိုဘောင်အတွင်းမှ ဆောင်ရွက်သော ဆောင်ရွက်ချက်များသည် အမျိုးသားရေး စစ်စစ်ဖြစ်ပြီး အမျိုးသား နိုင်ငံရေးသာ ဖြစ်၏။

အနာဂတ် မြန်မာ့အရေးတင့်တယ်လှပစေရန် မြန်မာအားလုံးတွင် တာဝန်ရှိပြီး အများသဘောဆန္ဒနှင့် ဆောင်ရွက်နိုင်ရန် အရေးကြီး၏။ ခိုင်မာသော စနစ်တစ်ခု အရှည်တည်တံ့ဖွံ့ဖြိုးစေရန်နှင့် Rule and Regulation ကို တန်ဖိုးထားတတ်ခြင်းသည် အနာဂတ် မြန်မာ့အရေးအတွက် အကောင်းမွန်ဆုံး ဖြစ်ပေလိမ့်မည်။

⌘ ⌘ ⌘

## အနာဂတ် မြန်မာအရေး (၁၆)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံ ဖြစ်တည်စေရန် ခိုင်မာသော၊ သင့်တင့်မျှတသော ဥပဒေ၊ နည်းဥပဒေများ ထွန်းကားရန် အင်မတန်မှ အရေးကြီးလှပေသည်။ ခိုင်မာမျှတသောဥပဒေများ၊ နည်းဥပဒေများ ထွန်းကားမှု မရှိပါက ပြုလိုက်၊ ပြင်လိုက်၊ စမ်းတဝါးဝါးဖြင့်ပင် လုံးချာလည်နေပေလိမ့်မည်။

သက်ဆိုင်ရာ ကဏ္ဍအသီးသီးအတွက် ဥပဒေများပေါ်ထွန်းစေရန် ဥပဒေပြုရေး အာဏာကို တာဝန်ယူထားသော ပြည်သူ လူထုအား ကိုယ်စားပြုသည့် လွှတ်တော်အသီးသီးတွင် တာဝန်ရှိပေ သည်။ ပြည်သူလူထုအား ကိုယ်စားပြုထားသော ပြည်သူ့ကိုယ်စား လှယ်များ ဖြစ်သည်နှင့်အညီ ပြည်သူ့ဆန္ဒကို ရှေးရှုရမည် ဖြစ်သကဲ့သို့ ပြည်သူလူထုအတွက် သင့်တင့်လျောက်ပတ်သော ဥပဒေများ ပြုပေးနိုင်ပါမှသာလျှင် တာဝန်ကျေပွန်ပေလိမ့်မည်။

ပြည်သူလူထုက ရွေးချယ်ပေးလိုက်သည့်အတွက် ပြည်သူ့ကိုယ်စား ဥပဒေပြုရေး အာဏာကျင့်သုံးနိုင်သော်လည်း ပြည်သူလူထု၏ ဆန္ဒနှင့် ကိုက်ညီသည်၊ မကိုက်ညီသည်ကို မည်သို့ ချိန်ဆမည်နည်း။ အင်မတန်မှ စဉ်းစားစရာ ကောင်းလှပေသည်။

အုပ်ချုပ်ရေး အာဏာ၊ ဥပဒေပြုရေး အာဏာ၊ တရားစီရင်ရေး အာဏာဟူ၍ အာဏာ(၃)ရပ် ရှိရာတွင် အာဏာကို အလွန်အကျွံ အသုံးမပြုမိစေရန် နိုင်ငံတော်အာဏာကို ပိုင်းခြားခွဲဝေကျင့်သုံးခြင်းနှင့် အပြန်အလှန်ကြပ်မက် ထိန်းကျောင်းသည့် ဥပဒေမူသဘောတရား (Doctrine of seperation of power and the principle of check and balance) သည် အလွန်အရေးကြီးလှပေသည်။ ထိုမူ သဘောတရားအတိုင်းပင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရေးဆွဲထားပေသည်။ ပြည်သူလူထုက အတည်ပြုထားသည့်အတွက် ထိုမူသဘောတရားသည် ပြည်သူ့ဆန္ဒပင် ဖြစ်ပေသည်။

နိုင်ငံနှင့် ပြည်သူ သဘောတူ အတည်ပြု ပြဋ္ဌာန်းထားသည့် တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိ စစ်ဆေးခြင်းသည် ပြည်သူကို ကာကွယ်ပေးခြင်းမည်၏။

ပြည်သူကို ကိုယ်စားပြုသည့် လွှတ်တော် အသီးသီးသည်လည်း နိုင်ငံတော်၏ ဥပဒေပြုရေး အာဏာနှင့်အပြန်အလှန် ထိန်းကျောင်းနိုင်သည့်အာဏာရှိပေသည်။

လွှတ်တော်အသီးသီးသည် မိမိတွင်ရှိသည့် ဥပဒေပြုရေး

အာဏာကိုပေးထားသည့် အခွင့်အရေးထက် ကျော်လွန်စွာအသုံး ချပါက မည်သို့ ထိန်းကျောင်းမည်နည်း။ အာဏာ၏ သဘော တရားအရ ငါမှန်သည်ဟူ၍သာ ယူဆတတ်ကြပေသည်။

လွှတ်တော်အသီးသီး၏ ဥပဒေပြုရေး အာဏာသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဘောင်အတွင်း၌ ရှိ မရှိ စစ်ဆေးပေးရန် အခြေခံ ဥပဒေဆိုင်ရာခုံရုံး(Constiutional Tribunal) ထားရှိပေး သည်မှာ Check and balance ပင် ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် လူထုက အတည်ပြုထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်နိုင်ရေးနှင့် အာမခံနိုင် ရေးအတွက် အခြေခံဥပဒေဆိုင်ရာ တရားရုံး၊ ခုံရုံးနှင့် ကောင်စီ များ ဖွဲ့စည်းတည်ထောင် အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံ ပေါင်းရ၆နိုင်ငံက ဖွဲ့စည်းကျင့်သုံးလျက်ရှိပေသည်။ အရှေ့တောင် အာရှဒေသတွင် အင်ဒိုနီးရှား၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် မြန်မာ ဟူ၍ လေးနိုင်ငံကျင့်သုံးလျက်ရှိပေသည်။

၂၀၁၂ ခုနှစ်၊ ဩဂုတ်လခန့်က ဖြစ်ပွားခဲ့သော လွှတ် တော်နှင့် အခြေခံဥပဒေခုံရုံး အငြင်းပွားမှုပြဿနာမှာ သင်ခန်းစာ ယူသင့်သော ပြဿနာတစ်ရပ်ဖြစ်ပေသည်။ ဥပဒေကို စတင်ကျင့် သုံးဆဲကာလ၊ အသားမကျသေးသည့် ကာလဖြစ်သည့်အတွက် မည်သူ့ကိုမျှ အပြစ်မဆိုသင့်ပေ။

သို့ရာတွင် ငါ၊ ငါ့အဖွဲ့အစည်း ဟူ၍လည်းကောင်း အာဏာပေါ် အခြေတည်၍လည်းကောင်း မဆုံးဖြတ်သင့်ပေ။

လွှတ်တော်ဘက်ကကြည့်လျှင် ပြည်သူကို ကိုယ်စားပြု

သည့်အတွက် လွှတ်တော်ကသာလျှင် မှန်သည်ဟု ဆိုကြပေလိမ့်မည်။ ခုံရုံးဘက်ကကြည့်လျှင် ပြည်သူထောက်ခံအတည်ပြုပေးထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဘက်က ရပ်တည်သည့်အတွက်ခုံရုံးသည်သာလျှင် အမှန်ဟုယူဆပေလိမ့်မည်။ ယူလည်းယူဆကြသည်ကို တွေ့ရ၏။

နောက်ဆုံး၌ အခြေခံဥပဒေ ခုံရုံးအဖွဲ့ဝင်အားလုံး နုတ်ထွက်သွားကြ၏။ ပြဿနာတစ်ရပ် ပြီးဆုံးသွားသည်ဟုယူဆ၍မရပေ။ ဆင်ခြင်ရန် ရှောင်သဘောသာဖြစ်၏။

သာမန်အားဖြင့်ကြည့်လျှင် လွှတ်တော်က နိုင်သည်ဟုထင်ရသော်လည်း သေသေချာချာ လေးလေးနက်နက်စဉ်းစားကြည့်လျှင် ခုံရုံးကအနိုင်ပိုင်းသွားခြင်းသာဖြစ်၏။ ဤ Regulation အသက်မဝင်သင့်ပေ။ အမှန်မှာ Rule အပေါ်တွင်သာ အခြေခံစဉ်းစားဆုံးဖြတ်သင့်ပြီး အသက်သွင်းပေးသင့်ပေသည်။

တည်ဆဲဖွဲ့စည်းပုံ အခြေခံဥပဒေကိုသာလျှင် အားပြုသင့်၏။ ဥပဒေပြုရေးအာဏာနှင့် တရားစီရင်ရေးအာဏာ အားပြိုင်ခြင်းဖြစ်၍ Rule အပေါ်တွင်သာ အခြေခံသင့်ပေသည်။

ဤသို့ဖြစ်ပွားခဲ့သည့် ပြဿနာမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အားနည်းချက်ဟု တချို့က ဆိုကြ၏။ သူ့အမြင်၊ ကိုယ့်အမြင်အရဆိုလျှင် ငြင်းစရာ အကြောင်းမရှိပေ။

ကျင့်သုံးခါစ အခြေအနေတွင် မကိုက်ညီမှုရှိကောင်းရှိပေလိမ့်မည်။ သို့သော် မည်သည့်အချက်များက အားနည်းနေပါသနည်း။ အမှန်တကယ် ကျင့်သုံးကြပြီးပြီလား၊ ကျင့်ရောကျင့်ကြ

ကြပါရဲ့လားဟု ကိုယ်ကိုယ်တိုင် မေးမြန်းကျင့်သုံး သင့်လှပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ"အခန်း (၁) နိုင်ငံတော် အခြေခံမူများအခန်း။ ပုဒ်မ၁၁(က)တွင် နိုင်ငံတော် အချုပ်အခြာ အာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ကိုပြုသည်"ဟူ၍ ဆိုထားပေသည်။

ထိုသို့ဆိုထားသည့် အတိုင်းပင် 'ခက်မသုံးဖြာ' အပြန်အလှန်ထိန်းကျောင်းရေးမူဖြင့် ဖွဲ့စည်းပုံဥပဒေကို ရေးဆွဲထားပေသည်။ အာဏာအလွန်အကျွံ မသုံးစွဲစေလို၍ ဖြစ်သည်။ လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အနှစ်သာရသည် အာဏာကို တစ်နေရာတည်းက ဆုပ်ကိုင်မထားဘဲမျှဝေထားသည့် ပုံသဏ္ဍာန်ပေါ်လွင်၏။

အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာများတွင် အလွန်အကျွံ မဖြစ်စေရေးအတွက် လွှတ်တော်အသီးသီးက ထိန်းကျောင်းနိုင်ရန် ဤဖွဲ့စည်းပုံ အခြေခံဥပဒေက သင့်တင့်မျှတစွာ အခွင့်အာဏာ ပေးထား၏။

လိုအပ်သည်များကို စုံစမ်းစစ်ဆေးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၁၁၅အရပြည်သူ့လွှတ်တော်ကိုလည်းကောင်း၊ ပုဒ်မ ၁၄၇အရ အမျိုးသား လွှတ်တော်ကို လည်းကောင်း၊

ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းခွင့်ပြုထားပေသည်။ ထိုအဖွဲ့များသည် နိုင်ငံတော်အဆင့် ဖြစ်သည်။ မဖြစ်သည်က အရေးမကြီးပေ။ ပွင့်လင်းမြင်သာမှု (Trans -parency) ဖြစ်စေရန် စစ်ဆေးထောက်ပြခြင်းကသာလျှင် တိုင်းပြည်နှင့် လူထုအတွက်အရေးကြီးပေသည်။ အဆိုပါ အခွင့်အာဏာသည် ထိုကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များတွင် အပြည့်အဝရှိပေသည်။

ထို့ပြင် သမ္မတမှစ၍ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အကြီးအကဲများ၊ ပြည်ထောင်စု တရားသူကြီး ချုပ်အပါအဝင် တရားရုံး အသီးသီး၏ တရားသူကြီး ချုပ်များကိုပင် စွပ်စွဲအပြစ်တင်နိုင်ပေသည်။ ပြည်ထောင်စုလွှတ်တော်၏ သုံးပုံနှစ်ပုံမဲရပါက တာဝန်မှရပ်စဲနိုင်သည်အထိ လွှတ်တော်ကို အခွင့်အာဏာ ပေးထားပေသည်။

ကောင်းမွန်မျှတ လှပေသည်။ ပြည်သူကို ကိုယ်စားပြုထားသည့် ပြည်သူ့ကိုယ်စားလှယ်များက တင်မြှောက်ထားသော အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို ကျင့်သုံးနေကြသည့် ပုဂ္ဂိုလ်များသည် အာဏာကို အလွန်အကျွံ မသုံးမိစေရန် ဥပဒေက သင့်တင့်မျှတသည့် အခွင့်အာဏာပေးထားခြင်းပင်ဖြစ်၏။

ထို့ထက်ပို၍ အခွင့်အာဏာယူသင့်၊ မယူသင့် ဆုံးဖြတ်ရန်မှာ လွှတ်တော်ကိုယ်စားလှယ်များ မဟုတ်ပါ။ ပြည်သူလူထုသာလျှင်ဖြစ်၏။ ဆိုလိုသည်မှာ တည်ဆဲဖွဲ့စည်းပုံ အခြေခံဥပဒေကို ဥပဒေနှင့်အညီ ပြင်ဆင်ပါက ပြည်သူလူထု၏ သဘောထားပင်ဖြစ်၏။

အလားတူပင် ဥပဒေပြုရေးအာဏာကို အုပ်ချုပ်ရေးနှင့် တရားစီရင်ကဏ္ဍများမှ ထိန်းကျောင်းနိုင်ရန်လည်း ခွင့်ပြုထားပေးသည်။ ဥပဒေတစ်ရပ်ကို အတည်ပြု ထုတ်ပြန်နိုင်ရန် သမ္မတလက် မှတ်ရေးထိုးမှသာလျှင် အတည်ဖြစ်ပေသည်။ ခြွင်းချက်အရ သမ္မတ လက်မှတ်ရေးထိုးခြင်းမပြုလျှင် လွှတ်တော်က သမ္မတ လက်မှတ်ရေး ထိုးခြင်းမပြုသော ဥပဒေအဖြစ် အတည်ပြုထုတ်ပြန်ခွင့်ရှိပေသည်။ မည်သို့ဆိုစေ သမ္မတကို အသိမပေးဘဲ ဥပဒေထုတ်ပြန်၍ မရပေ။

အခြေအနေ အကြောင်းတစ်ရပ်ရပ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မကိုက်ညီသည့် ဥပဒေဟူ၍ အငြင်းအခုံဖြစ်လျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုကို ပုဒ်မ ၃၂၃ နှင့် ပုဒ်မ ၃၂၄ တွင် အတိအလင်းပြဆိုထား၏။ ပုဒ်မ ၃၂၄ အရဆိုလျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်ဟု ဆိုထားပေသည်။

ဤသည်မှာ ဥပဒေပြုရေးအာဏာကို အလွန်အကျွံသုံးစွဲမှုမှ ကာကွယ်ရန် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကဏ္ဍအသီးသီးမှ ထောက်ကူထိန်းကျောင်းခြင်းသာ ဖြစ်ပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်၊ အားသာချက်များကို စစ်စစ်ပေါက်ပေါက် ဆီလိုအပေါက်ရှာကာ လိုသလိုဆွဲယူ၍ မိမိကဏ္ဍအတွက် အားသာချက်ယူမည်ဆိုလျှင် ရေရှည်တွင် အကျိုးရှိနိုင်မည်မဟုတ်ပေ။

ခက်မသုံးဖြာအာဏာ သုံးရပ်ညီညွတ်မျှတနေရန်အရေး ကြီးပေသည်။ အဓိကအားဖြင့် ကိုယ့်အမြင်၊ သူ့အမြင်သည် အရေးမကြီးပေ။ အမှားနှင့် အမှန် တိုင်းတာရန် ပေတံလည်း မရှိပေ။ အများအကျိုးအတွက် အများဆန္ဒသာလျှင် အရေးကြီး လှပေသည်။ ညီညွတ်မျှတရန် Rule and Regulation သာလျှင် အဓိကအရေးကြီး၏။ သူ့စည်း၊ ကိုယ့်စည်း၊ လူ့စည်း၊ ဘီးလူး စည်းကိုသာ နားလည်းလိုက်နာ ကျင့်သုံးကြလျှင် ညီညွတ်မျှတ ပေလိမ့်မည်။

ဆန္ဒစွဲကင်းကင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပီပြင် အောင် အသက်သွင်းကာ လိုက်နာ ကျင့်ကြံကြမည်ဆိုလျှင် အနာဂတ် မြန်မာ့အရေးသည် ကောင်းမွန်လှပ ပေလိမ့်မည်ဟု ဆိုချင်သည်။

⌘ ⌘ ⌘

လွှတ်တော်အတွင်း၌လည်း အမှန်တကယ်နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှုမည်၊ ပထဝီနိုင်ငံရေးအရ မှန်ကန်စွာချိန်ဆနိုင်မည်၊ ညီရင်းအစ်ကို မောင်ရင်းနှမအသွင် ဆက်ဆံသွားကြမည်ဆိုလျှင် စနစ် တစ်ခု၏ အပေါ်တွင်အားပြိုင်နေကြသော်လည်း Unity အသွင်ဆောင် သွားပါလိမ့်မည်။ အမျိုးသားရေးကို ရှေးရှုခြင်းသည်လည်း အနာဂတ် မြန်မာ့အရေးအတွက် အရေးကြီးသည့် အချက်တစ်ချက်ဟူ၍ပင် ဆိုချင် သည်။

# အနာဂတ်

## မြန်မာ့အရေး